

# Myanmar Magia Times

Issue(4), March 2015

Ostara Festival Edition






## "ဆရာဝေဌေး၏ ၂၀၁၅ခုနှစ်မတ်လအတွက် (၇)ရက်သားသမီး ဟောစာတမ်းများ"

**တနင်္ဂနွေ** - အလုပ်အကိုင်စီးပွားရေးတွေ ပုံမှန်အတိုင်းလည်ပတ်နေလိမ့်မည်။ ဘုရားဖူးခရီးသွားလုပ်ငန်းတွေ တိုးတက်လိမ့်မည်။ ပြည်ပနိုင်ငံခြားတွေနဲ့ ဆက်သွယ်လုပ်ကိုင်ရသော လုပ်ငန်းတွေ အကျိုးဖြစ်ထွန်းလိမ့်မည်။ သင်တန်းသစ်တက်ရခြင်း၊ အလုပ်ထဲတွင် ရာထူးတိုးခြင်းနှင့် လူကြီးမိဘဆရာသမား၏ ချီးမြှောက်မှုကို ရရှိခံစားရမည်။ အိမ်ထောင်ရှိသူများအတွက် အုံ့ပုန်း အချစ်ရေးကိစ္စတွေပေါ်ပေါက်တတ်သည်။ အိမ်ထောင်ရေးအရှုပ်အရှင်းတွေ ကြုံတွေ့စကားပြောရတတ်သည်။ ချစ်သူရှိသူများ အတွက် အချစ်ရေးတွင် စိတ်ညစ်စရာများ ပေါ်ပေါက်တတ်သည်။ ချစ်သူကိုချော့မော့နေရတတ်သည်။ ချစ်သူမရှိသေးသူများ အနေနှင့် ဘာသာရေးကိုင်းရှိုင်းသောချစ်သူကို တွေ့ရှိရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သတ်ပြီး ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ကျောအောင့်ရင်အောင့်ရောဂါများဖြစ်တတ်သည်. ကိုယ်လက်ကိုက်ခဲခြင်းတို့လည်းဖြစ်တတ်သည်။ တနင်္ဂနွေသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် အိမ်ဘုရားကျောင်းဆောင်တွင် အဝါရောင်ပန်း(၅)ပွင့်ကို ကြာသပတေးနေ့တွင် ကပ်လှူပြီးဆုတောင်းလိုက်ပါ။

**တနင်္လာ** - အလုပ်အကိုင်စီးပွားရေးအောင်မြင်တိုးတက်သောကာလပဲဖြစ်တယ်။ အဆက်သွယ်ကောင်းတွေရရှိလာမယ်။ ငွေတွေလည်း ဝင်လာမယ်။ သတင်းစကားကောင်းတွေရရှိလာမယ်။ ဖြန့်ဖြူးတဲ့လုပ်ငန်းတွေ အလုကုန်ပစ္စည်းရောင်းဝယ်တဲ့လုပ်ငန်းတွေ အကျိုးဖြစ်ထွန်းမယ်။ လုပ်ငန်းတွင် တိုးချဲ့ခြင်း၊ ၂မျိုး ၃မျိုးလုပ်ကိုင်ခြင်းတွေ ဆောင်ရွက်ရမယ်။ အိမ်ထောင်ရှိသူများအတွက် အဆင်ပြေကောင်းမွန်နေရလိမ့်မယ်။ အိမ်သို့ ဘုရားပုံတော်၊ ရဟန္တာပုံတော်များ ကြွလာလိမ့်မယ်။ ချစ်သူရှိသူများအတွက်အချစ်ရေးနဲ့ အလွန်အဆင်ပြေချောမွေ့သောကာလပဲဖြစ်ပါတယ်။ ချစ်သူမရှိသူများအတွက် နှစ်ကိုယ့်တစ်စိတ် ချစ်တတ်သူမျိုးကိုတွေ့ရှိလိမ့်မယ်။ ကျန်းမာရေးအတွက် ယခုကာလအတိုင်း အခြားအတွင်း ခေါင်း၊ ခါး၊ ခြေ၊ တို့တွင် ထိခိုက်ဒဏ်ရာရရှိတတ်တယ်။ ခါးနာခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ဆီးနှင့်ပတ်သတ်သောရောဂါတွေဖြစ်တတ်တယ်။ တနင်္လာသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီးအောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိရအောင် စနေနေ့တွင် အိမ်ဘုရားတွင် (၁၂)နာရီမထိုးခင် အုန်းသီး(၁၆)စိပ် ကပ်လှူပြီး ဆုတောင်းလိုက်ပါ။

**အင်္ဂါ** - အလုပ်အကိုင်စီးပွားရေးများတွင် ကြီးစွာ အတိုက်အခိုက် အနှောင့်အယှက်များကြုံတွေ့ရတတ်သည်။ ရုတ်တရက် အလုပ်ပြောင်း၊ နေရာပြောင်း၊ ရာထူးအပြောင်းအလဲများဖြစ်တတ်သည်။ လုပ်ငန်းတွင် အရှုံးပေါ်နေတတ်သည်။ ဝင်စရာရစရာရှိသောငွေများ မရခြင်း၊ မဝင်ခြင်းများ ကြုံတွေ့နေတတ်သည်။ အလွန်လာဘ်တိတ်နေသော ကာလအပိုင်းသို့ရောက်ရှိနေတတ်သည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေး ညံ့နေတတ်သည်။ အိမ်ထောင်ဖက်နှင့် ခွဲခွာနေရတတ်သည်။ အိမ်ထောင်ဖက် အိမ်ပေါ်ကဆင်းသွားခြင်း၊ စကားများခြင်းများ ကြုံတွေ့နေရတတ်သည်။ ချစ်သူရှိသူများ အချစ်ရေးတွင် ကြားလူနှောင့်ယှက်ခြင်း ကြုံတွေ့နေရတတ်သည်။ ချစ်သူမရှိသေးသူများအတွက်ကတော့ ဗိုလ်နေမြဲ ကျားနေမြဲဖြစ်နေတတ်သည်။ ကျန်းမာရေး အတွက်ကတော့ ဒီကာလအပိုင်းအခြားမှာ ကောင်းမွန်နေတတ်သည်။ စိုးရိမ်စရာမလိုပါ။ အင်္ဂါသားသမီးများအတွက် စီးပွားရေး၊ကျန်းမာရေး၊ လူမှုရေးအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် အိမ်ဘုရားတွင် ဆီထမင်း(၁)ပန်းကန်ကို အင်္ဂါနေ့နံနက် ၉:၄၅ တွင်ကပ်လှူဆုတောင်းလိုက်ပါ။ အုန်းသီးမထည့်ရပါ။

**ဗုဒ္ဓဟူး** - အလုပ်အကိုင်စီးပွားရေးများတွင် မပြီးပြတ်ဘဲ တိုးလို့တန်းလန်းဖြစ်နေရတတ်သည်။ အကြီးအကဲများနှင့်အဆင်မပြေဖြစ်တတ်သည်။ ရစရာရှိသော ငွေများမရှိဘဲ ဆိုင်းငံ့နေတတ်သည်။ စာချုပ်စာတမ်းကိစ္စများကို သတိထားလုပ်ကိုင်ပါ။ အမှုအခင်းဖြစ်တတ်သည်။ သူတစ်ပါးကိစ္စ ကိုယ့်ပါအမှုပတ်တတ်သည်။ အာမခံခြင်း၊ ငွေချေးခြင်းများမပြုလုပ်ပါနှင့်။ စိုက်ပြီးလျော်ပေးရတတ်သည်။ မိမိဘက်ကမှန်ပေမယ့် အပြောခံနေရတတ်သည်။ အိမ်ထောင်ရှိသူများ၊အတွက် အိမ်ထောင်ရေးတွင် စိတ်မချမ်းမြေ့စရာများ ကြုံတွေ့နေရတတ်သည်။ ချစ်သူရှိသူများအတွက် အချစ်ရေးတွင် စိတ်မောလူမောဖြစ်နေရတတ်သည်။ စကားများရန်ဖြစ်နေရတတ်သည်။ ချစ်သူမရှိသူများအတွက် ကိုယ့်ကိုလွှမ်းမိုးချုပ်ကိုင်နိုင်သည့် ချစ်သူနှင့်ကြုံတွေ့ရတတ်သည်။ ကျန်းမာရေးချူချာနေတတ်သည်။ ခေါင်း၊ ခါး၊ ခြေ၊ တို့တွေ ထိခိုက်ဒဏ်ရာဖြစ်တတ်သည်။ ငွေအနည်းငယ်ကုန်ပြီးမှ ပျောက်တတ်သည်။ ဗုဒ္ဓဟူးသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊

လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် တနင်္လာနေ့နံနက် အာရုံတက်ချိန်တွင် အိမ်ဘုရားတွင် ကိတ်မုန့်(၉)ချပ်ကို မြတ်စွာဘုရားအားကပ်လှူဒါန်းပြီးဆုတောင်းလိုက်ပါ။


**ကြာသပတေး** - အလုပ်အကိုင်စီးပွားရေးများတွင် အနည်းငယ်အတိုက်အခိုက်တွေရှိနေတတ်သည်။ အတိုက်အခိုက်တွေကို အောင်မြင်စွာကျော်လွှားနိုင်လိမ့်မည်။ ငွေကြေးကိစ္စအကြပ်အတည်းတွေ့တတ်သည်။ ဝင်ငွေလည်း လျော့နည်းနေတတ်သည်။ အလုပ်အကိုင်၊ အရောင်းအဝယ်များ ပါးနေတတ်သည်။ အိမ်ထောင်ရှိသောသူများအတွက် အိမ်ထောင်ရေးသာယာချောမွေ့နေလိမ့်မည်။ ချစ်သူရှိသူများအတွက် အချစ်ရေးလည်း ပန်းခင်းလမ်းဖြစ်ပေလိမ့်မည်။ ချစ်သူနှစ်ဦးအပျော်ခရီးထွက်ရတတ်သည်။ လက်ထပ်ရေးကိစ္စများတိုင်ပင်နေရတတ်သည်။ ချစ်သူမရှိသေးသူများအတွက် မိမိဘဝအတွက်အားကိုးရသော အကူအညီပေးနိုင်သော ချစ်သူနှင့်ဆုံဆည်းခွင့်ရလိမ့်မည်။ ကျန်ကာလအတောအတွင်းမှာ ကျန်းမာရေးချူချာတတ်သည်။ ထိခိုက်ရှနာများဖြစ်တတ်သည်။ ယာဉ်များစီးသောအခါ သတိထားပါ။ ထိခိုက်ခံရတတ်သည်။ ကြာသပတေးသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ရွက်လှပန်းများကို အိမ်ဘုရားတွင် ကပ်လှူပူဇော်ပြီး ဆုတောင်းလိုက်ပါ။

**သောကြာ** - အလုပ်အကိုင်စီးပွားရေးများတွင် စိတ်ကျေနပ်မှု ရရှိလိမ့်မည်မဟုတ်။ ထင်သလောက်အကျိုးမခံစားရ။ အနည်းငယ်လွဲချော်မှုတွေဖြစ်တတ်သည်။ နှစ်ခုနှစ်မျိုးလုပ်နေရတတ်သည်။ ဝင်ငွေလည်း ကျေနပ်မှုရရှိလိမ့်မည်မဟုတ်။ မှန်းသလောက်မရတတ်ဖြစ်နေတတ်သည်။ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ မမျှော်လင့်တဲ့ဘက်က အကူအညီတွေရရှိလိမ့်မည်။ အိမ်ထောင်ရှိသူများအတွက် အိမ်ထောင်ရေးသည် မထင်မှတ်ထားသော မမျှော်လင့်သော အဆင်မပြေမှုတွေ ကြုံတွေ့ရတတ်သည်။ ချစ်သူရှိသူများ ချစ်သူရဲ့ ဘာမှမဟုတ်တဲ့ကိစ္စတွေကြောင့် စကားများရန်ဖြစ်နေတတ်သည်။ မမျှော်လင့်သော ဆန့်ကျင်ဘက်လိင်တို့၏ ဆွဲဆောင်မှုကြားဝင်ရှုပ်မှုတွေကို ခံရတတ်သည်။ ချစ်သူမရှိသူများအတွက် မမျှော်လင့်ထားသူ မထင်မှတ်ထားသူတို့ရဲ့ ချစ်ခွင့်ပန်ခြင်း၊ ချစ်စကားဆိုခံရခြင်းများကြုံရတတ်သည်။ ဤကာလအတွင်း ကျန်းမာရေးညံ့နေတတ်သည်။ ရောဂါများမကြာခဏဖြစ်ပွားတတ်သည်။သို့သော်စိုးရိမ်စရာမရှိပါ။ သောကြာသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအားလုံး ပိုမိုကောင်းမွန်ပြီး အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် တနင်္လာနေ့နံနက်အာရုံတက်တွင် အိမ်ဘုရားတွင် ကိတ်မုန့် (၉)ချက်၊ သောက်တော်ရေ(၉)ခွက်၊ဆီမီး(၉)တိုင်တို့ကို မြတ်စွာဘုရာအား ကပ်လှူ၍ ဆုတောင်းလိုက်ပါ။

**စနေ** - အလုပ်အကိုင်စီးပွားရေးများတွင် တိုးတက်ပွင့်လန်းလာမည်။ မမျှော်လင့်သောအကြံကောင်းတစ်ချက်ကြောင့် ဘဝအဆောက်အအုံကြီးတစ်ခုလုံးပြောင်းလဲသွားလိမ့်မည်။ ဝင်ငွေများလည်းကောင်းနေလိမ့်မည်။ ရွှေဝင်လိမ့်မည်။ အလုပ်အကိုင်နေရာအပြောင်းအလဲတွေဖြစ်ပေါ်မည်။ ဘဝဟောင်းသေဆုံး၍ ဘဝသစ်သို့ တစ်ဖန်ပြန်လည်စရလိမ့်မည်။ အိမ်ထောင်ရှိသူများအတွက် အိမ်ထောင်ရေးကောင်းမွန်နေပေလိမ့်မည်။ အိမ်ထောင်ဖက်နှင့်ခွဲခွာပြီးလည်း နေရတတ်သည်။ ချစ်သူရှိသူများအတွက်အချစ်ရေးမှာ ချောမွေ့နေလိမ့်မည်။ အနှောင့်အယှက်မရှိ။ ချစ်သူမရှိသူများအတွက် ချစ်သူနှင့်ဆုံတွေ့ခွင့်မရှိသေးပါ။ စောင့်ဆိုင်းနေရဦးမည်။ ကျန်ကာလအတွင်း ကျန်းမာရေးအထူးဂရုစိုက်ပါ။ ရောဂါထွေပြားနေတတ်သည်။ စိတ်ကြောင့်ဖြစ်တဲ့ ရောဂါတွေဖြစ်တတ်သည်။ စနေသားသမီးများအတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအားလုံး ပိုမိုကောင်းမွန်အောင်မြင်တိုးတက်ပွင့်လန်းမှုတွေရရှိအောင် ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ရွှေအိုးဖြင့် ရွက်လှ(၉)ညွှန့်ကို အိမ်ဘုရားတွင်ကပ်လှူပြီးဆုတောင်းလိုက်ပါ။




**"ဘဝမှာပျော်ရွှင်စေဖို့ နဲ့ အောင်မြင်စေကြောင်း အဆောင်ကောင်းတစ်ခု"**





ဒီအဆောင်ကို သန့်စင်ဖြူစင်သော အဝတ်ဖြူစမှာ ရေးဆွဲထားပြီး ဆောင်ထားနိုင်ပါသည့်။ မိမိရဲ့စိတ်ထဲမှာ ပူလောင်မှုတွေ နဲ့ အတွေးဆိုးတွေမရှိဘူးဆိုရင်တော့ အပြင်ကနေ စက်ဝိုင်းထပ်ဆွဲနိုင်ပါသည်။ အဆောင်အား မရေးခင်အချိန်မှာတော့ တစ်နာရီခန့် တရားထိုင်ဖို့ လိုအပ်ပါလိမ့်မည်။ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ဆောင်ထားနိုင်ပါသည်။

**"ကံကောင်းစေတတ်သောအဆောင်"**




အရှေ့ကအဆောင်တွေလိုပဲ အဝတ်စတွင် ရေးကာဆောင်ထားရပါမည်။ ရေးဆွဲနေတဲ့အချိန်တုန်းမှာ မိမိရဲ့စိတ်သည် တည်ငြိမ်နေရပါမည်။ ထိုကြောင့် တရားနာရီဝက်လောက် ထိုင်ပြီးမှ ရေးဆွဲပါ။

## “ခရီးသွားအဆင်ပြေစေသောအဆောင်”



ဒီအဆောင်ကို စီရင်မည်ဆိုပါက ဗုဒ္ဓဟူးနေ့ (သို့) လပြည့်နေ့တွေမှာ စီရင်နိုင်ပါသည်။ စီရင်တဲ့အခါ အပြင်စက်ဝိုင်းကို အရင်ဆွဲပါ။ ပီးပါက ဗုဒ္ဓဟူးဂြိုဟ်သင်္ကေတကို ဆွဲပါ။ ထို့နောက် Rune ကို ဆွဲပါ။ ပြီးပါက အတွင်းစက်ဝိုင်းကို ဆွဲပါ။ အတွင်းစက်ဝိုင်းမှာ Sigil ကို နားလည်တဲ့သူဆိုရင် မိမိရဲ့Sigil ကို ဆွဲပါ။ နားမလည်ပါက မိမိရဲ့အမိကနာမည်ကို အင်္ဂလိပ်လိုရေးပါ။ ဥပမာ-မိုးကြယ်စင်ဆိုပါတော့ Moe Kyal Zin အဲဒါဆိုရင် MKZ ဆိုတာကို စက်ဝိုင်းအတွင်းရှိ အင်းကွက်ထဲမှာ ထည့်ပါ။ ထို့နောက် ရေးဆွဲပြီးသွားပြီဆိုပါက မိမိတွင် တုတ် ခွက် ဓား ကြယ်ဟူသော ဓာတ်ကြီးလေးပါး အမှတ်တံဆိပ်ပစ္စည်းများရှိပါက စက်ဝိုင်း၏ဘေးပတ်လည်တွင်ထားပြီး အောက်ပါမန္တန်ကို ရွတ်ဆိုပါ။ မရှိပါက အဆင်ပြေတဲ့ တုတ် ခွက် ဓား ကြယ်တစ်ခုခုကို ရှာဖွေပြီး မန္တန်ရွတ်ဆိုပေးပါ။

Powers & energies of Mercury divine
infuse thyself within this sign;
from all the dangers of the road,
shield car & driver, passenger & load!

ပြီးတဲ့အခါ ခရီးသွားလာသည့်အခါ အဆောင်ပြုလုပ်သွားပါ။ ခရီးအဆင်ပြေစေဖို့အတွက် အဆောင်ပုံအပေါ်တွင် ပန်းကန်ပြားတစ်ချပ်တင်ပြီး ဖယောင်းတိုင်ထွန်းနိုင်ပါသည်။ မိမိအိမ်တွင် ထည့်ထားပါက အိမ်ရဲ့မှန်တစ်ချပ်အနောက်မှာ ကပ်ထားရပါမည်။ ခရီးသွားချိန်မှာ အထက်ပါမန္တန်ကို သက်စေ့ရွတ်ဆိုပီး ခရီးသွားနိုင်ပါပြီ။ လမ်းခရီး အဆင်ပြေချောမွေ့ပါစေ...။

# အလုပ်နှင့်ပတ်သတ်သောအစီအရင်များ

## (၁) အလုပ်ရစေသက်စိစေဂါထာ

ဥုံ တာပုန္န ဂုဏ္ဍိမာတာတေ ကတွာ ဟောတွာ
ဗလံ ဝိဇ္ဇာရိတံ ပုတ္တံ သုခေနေစ။

ဂါထာကလေးကို ကူးယူပြီးလျှင် ဖယောင်းတိုင် တစ်တိုင်လျှင် ဂါထာစာရွက် တစ်ရွက်ကပ်ပါလေ။ ပြီးလျှင် နံက်ကိုးနာရီတိုင်း ထိုဖယောင်းတိုင်ကို မီးထွန်း၍ ဘုရားပူဇော်ပြီး ဆုတောင်းပါလေ။ ဖယောင်းတိုင် မကုန်မီ အလုပ်သစ်ကို ရပေလိမ့်မည်။ အသက်(၄၀)ရှိသော လူ အလုပ်ရှာလိုလျှင် ဖယောင်းတိုင် အတိုင်(၄၀)လုပ်ရမည်။ အသက်(၂၀)ရှိသောလူ အလုပ်ရှာလိုလျှင် အတိုင်(၂၀)လုပ်ရပါမည်။

## (၂) အလုပ်အမြန်ရစေသောယတြာ

အာလူးတစ်လုံးတွင် ယတြာချေရာတွင် အသုံးပြုသော သာသနာ့အလံ (၁၄) လက် စိုက်ပါ။ ထို့နောက် ဘုရားကို လှူပြီး အလုပ်အမြန် ရအောင် လေးလေးနက်နက် ဆုတောင်းပါလေ....။ လ-နှင့်ချီပြီး အလုပ်မရကြ ကုန်သော သူများ အထက်ပါ နည်းအတိုင်း ဆောင်ရွက်ကြရာ (၁၄) ရက်အတွင်း ထူးခြားပါသည်။

## (၃) အလုပ်ထွက်ခွင့်ရစေသောယတြာ

ကဒ်ထူ စက္ကူတွင် စက်ဝိုင်း တစ်ခု ဆွဲလိုက်ပါ။ ထိုစက်ဝိုင်း အလယ်တွင် အလုပ် ထွက်ခွင့် ပေးနိုင်သူရဲ့ အမည်ကို ရေး၍ ပြူတင်းပေါက်တွင် ချိပ်ထားလိုက်ပါ။ ရက်ပိုင်းအတွင်း အဆင်ပြေသွားပါလိမ့်မည်။

## (၄) ဘာလုပ်ရမှန်းမသိသူများအတွက်ယတြာများ

အိုးအိမ်၊ အဆောက်အဦး၊ ဆောက်လုပ်ရေး၊ အုတ်သဲကျောက်၊ အိမ်ဆောင်ပစ္စည်း၊ အိမ်ထောင်ပရိ ဘောဂ၊ အုပ်ချုပ်ရေး၊ ဥပဒေ၊အိမ်ခြံမြေအကျိုးဆောင်၊ ကြက်ဥဘဲဥ၊ အုန်းသီး၊ငှက်ပျောသီးစတဲ့ တနင်္ဂနွေနံလုပ်ငန်းများ........ စသော တနင်္ဂနွေနံကိစ္စများနှင့် ပါတ်သက်၍ ဘာလုပ်ရမှန်း မသိဖြစ်နေသော် အင်္ဂါနေ့တွင် ဘုရား ဗုဒ္ဓဟူးဒေါင့်၌ သပြေ(၂၁)ညွန့် လှူဒါန်း၍ ဆုတောင်းပါ။

ငွေချေး၊အပေါင်ဆိုင်၊ ဘဏ်လုပ်ငန်း ၊ငွေပန်းတိမ်၊ ငွေထည်ပစ္စည်း၊ခြံလုပ်ငန်း ၊ စိုက်ပျိုးရေးလုပ် ငန်း၊ ကားလုပ်ငန်း၊ ကြက်မွေးမြူရေး၊ ကြက်ဥကြက်သား လုပ်ငန်း၊ ကျောက်အရောင်းအဝယ်၊ ရတနာအရောင်းအဝယ်၊ ကုန်ကူးကုန်သန်း ရောင်းဝယ်အလုပ်၊ ကွန်ပြူတာ၊ ကွမ်းသီးကွမ်းယာ ပစ္စည်းစတဲ့ တနလာၤနံလုပ်ငန်းများ.......စသော တနလာၤနံကိစ္စများနှင့် ပါတ်သက်၍ ဘာလုပ်ရမှန်း မသိဖြစ်နေသော် ဗုဒ္ဓဟူးနေ့တွင် ဘုရားကြာသပတေး ထောင့်၌ ရောင်စုံယပ် (၁၂)လက် လှူ၍ ဆုတောင်းပါ။

စိန်၊ဆန်၊ဆီ၊ဆား၊ ဆေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ စစ်ဖက်ရေးရာနှင့် ပတ်သက်သော လုပ်ငန်း၊ စပ်တူရှယ်ယာ၊ စားသောက်ကုန်လုပ်ငန်း၊ စားသောက်ဆိုင်၊ စက်ချုပ်၊ စိုက်ပျိုးရေး၊ စကားပြော၊ စာပေစတဲ့ အင်္ဂါနံလုပ်ငန်းများ...... စသော အင်္ဂါနံကိစ္စများနှင့် ပါတ်သက်၍ ဘာလုပ်ရမှန်း မသိဖြစ်နေသော် ကြာသပတေးနေ့တွင် ဘုရား သောကြာထောင့်၌ မေမြို့ပန်း (၁၉)ပွင့် လှူ၍ ဆုတောင်းပါ။

အလှပြင်ဆိုင်၊ အိမ်တွင်းပန်း၊ မီးအလှဆင်လုပ်ငန်း၊ အလှကုန် ထုတ်လုပ်ရောင်းဝယ်လုပ်ငန်း၊ ရွှေဆိုင်၊ ရွှေပန်းတိမ်၊ ရွှေတူး၊ ရွှေချက်၊ ရွှေရောင်းဝယ်ရေး၊ ယာဥ်ရထား၊ လှူနှင့်ပတ်သက်သော လုပ်ငန်း၊ ငါးမွေးမြူရေး၊ ငါးဖမ်း၊ ငါးပိ၊ ငါးခြောက်စတဲ့ရေလုပ်ငန်း၊ ရေသန်းရောင်းဝယ် ထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်း၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ အရက်ဆိုင်၊ ဘီယာဆိုင်၊ ယိုစုံလုပ်ငန်းစတဲ့ ဗုဒ္ဓဟူးနံလုပ်ငန်းများ.........စသော ဗုဒ္ဓဟူးနံကိစ္စများနှင့် ပါတ်သက်၍ ဘာလုပ်ရမှန်း မသိဖြစ်နေသော် သောကြာနေ့တွင် ဘုရား စနေထောင့်၌ နွားနို့ (၁၀) ခွက်လှူဒါန်း၍ ဆုတောင်းပါ။

မြေပဲ၊ ပြောင်းနှမ်းစတဲ့လုပ်ငန်းများ၊ မြေယာ၊ဖယောင်း၊ ပန်းချီ၊ ပန်းပု၊ ပန်းတိမ်ပညာကို အသုံးချသောလုပ်ငန်းများ၊ ဆရာအလုပ်ပညာနှင့် ပတ်သက်သည့် လုပ်ငန်းများ စတဲ့ကြာသပ တေးနံ လုပ်ငန်းများ.........စသော ကြာသပတေးနံကိစ္စများနှင့် ပါတ်သက်၍ ဘာလုပ်ရမှန်း မသိဖြစ်နေသော် စနေနေ့တွင် ဘုရား တနင်္ဂနွေထောင့်၌ စံပယ် (၈)ကုံး လှူဒါန်း၍ ဆုတောင်းပါ။

သစ်၊ သံ၊ သွပ်၊ သစ်သီး၊ သီးနံစတဲ့လုပ်ငန်းများ စကားပြောရသောအလုပ်၊ ခရီးသွားရသော အလုပ်၊ အငြိမ်မနေ လှုပ်ရှားရသောအလုပ်၊ ပွဲစားအကျိုးဆောင်အလုပ်၊ ရေကြောင်းခရီးနှင့် ပတ်သက်သောအလုပ်၊ ကုန်ကူးသန်း ရောင်းဝယ်ရသော ကုန်သည်ကြီးအလုပ် စတဲ့သောကြာနံ လုပ်ငန်းများ.........စသော သောကြာနံကိစ္စများနှင့် ပါတ်သက်၍ ဘာလုပ်ရမှန်း မသိဖြစ်နေသော် တနင်္ဂနွေနေ့တွင် ဘုရားတနလာၤထောင့်၌ အုန်းရည် (၆)ခွက် လှူဒါန်း၍ ဆုတောင်းပါ။

အထည်အလိပ်၊ ထီး၊ ဖိနပ်၊ နာရီ၊ ဦးထုပ်၊ စတဲ့လုပ်ငန်းများ၊ လူမျိုးခြား၊ နိုင်ငံခြားနှင့်ပတ်သက်သောလုပ်၊ မီး၊ လျှပ်စစ်အပူနှင့်ပက်သက်သောအလုပ်၊ ထီးလုပ်ငန်း၊ ထုံးလုပ်ငန်း၊ ဝန်ထမ်း အလုပ်စတဲ့စနေနံလုပ်ငန်းများ...... စသော စနေနံကိစ္စများနှင့် ပါတ်သက်၍ ဘာလုပ်ရမှန်း မသိဖြစ်နေသော် တနလာၤနေ့တွင် ဘုရားအင်္ဂါထောင့်၌ လမုန့် (၁၇) ချပ် လှူဒါန်း၍ ဆုတောင်းပါ။

ဒီယတြာကိုသာ ချေလိုက်ပါ။ ဆုံးဖြတ်ချက် ချလို့ မရတဲ့ ကိစ္စ မှန်သမျှ ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက် ချနိုင်သွားပါလိမ့်မည်။ ဆုံးဖြတ်ချက်ဆိုတာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ချနိုင်မှာကို ပြောတာနော်။ ဘာကြောင့်ပဲဖြစ်ဖြစ် အကြောင်းအရာ တစ်ခုခုကြောင့် အခက်အခဲ ဖြစ်နေတယ်။ ဆုံးဖြတ်ချက် မချမှတ်နိုင်ဘူး ဖြစ်နေတယ်။ ဘာလုပ်လို့ လုပ်ရမယ်မှန်း မသိဘူး ဖြစ်နေတယ် ဆိုကြပါစို့ အခု ပြောပြတဲ့ ယတြာကို ချေလိုက်ရင် ရက်ပိုင်းအတွင်း မှန်ကန်တဲ့ ဆုံးဖြတ်ချက် တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ချမှတ်သွားနိုင်တယ်။

## (၅) မရမရှိအလုပ်ရသောနည်း

အရင်ဆုံး  အလုပ်လိုချင်တဲ့ အလုပ်နေရာကို မြင်လောက်တဲ့ နေရာကိုသွားပါ။ အဲဒီနေရာက မြေကြီး လက်တစ်ဆုပ် ယူလာခဲ့ပါ။ နောက်ပြီး ဘက်တိုက် အနီးအနားက မြေကြီး လက်တစ်ဆုပ် ယူလာခဲ့။ နောက် အင်မတန် လူစည်ကား ရောင်းကောင်းတဲ့ စတိုးဆိုင်ကြီး တစ်ဆိုင် အနီးအနားက မြေကြီးက လက်တစ်ဆုပ်၊ နောက် တောင်မြောက် တန်းနေတဲ့ ရထားလမ်းက မြေကြီး လက်တစ်ဆုပ်ရယ် အဲဒီ မြေလေးမျိုးကို ရောပစ်လိုက်။ ပြီးရင် စားပွဲတစ်ခုပေါ်မှာ စက်ဝိုင်းပုံပုံလိုက်။ အဲဒီ စက်ဝိုင်းရဲ့ အလယ်ခေါင်တည့် တည့်မှာ ဖယောင်းတိုင် တစ်တိုင်ထွန်း။ ပြီးတော့ အလိုရှိတဲ့ အလုပ်သေချာပေါက် ရပြီလို့ အာရုံပြုပြီး

အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-အဲ-ဩ-ဪ-အံ-အား ဆိုတဲ့ သရ(၁၂)လုံးကို (၂၇)ကြိမ်ရွတ်လိုက်။

ပြီးရင် ထွန်းထားတဲ့ ဖယောင်းတိုင်ကို လက်နှစ်ဖက်နဲ့ အလုပ်ရပြီဆိုပြီး ရိုက်သတ်လိုက်။ ပြီးရင် မြေကြီးတွေကို ပြန်စုပြီး စာအိပ်ကြီး တစ်အိပ်ထဲကိုထည့်။ ပြီးတော့ အဲဒီ စာအိတ်ကြီးကို ဆောင်သွားပြီး အလုပ်ကိစ္စ သွားပြောပါ။ ဒီနည်းကတော့ ကိုယ်လိုချင်တဲ့ အုပ်ကို သေချာပေါက်ရစေတဲ့နည်းပါပဲ။

(တစ်ခုတော့ ရှိတယ်နော်။ ကိုယ်အလုပ်သွားလျှောက်မယ့် အလုပ်က လူခေါ်နေဖို့တော့ လိုပါတယ်။)

## (၆) အလုပ်နေရာ တည်တံ့ ခိုင်မြဲစေသောယတြာ

ကျောက်ပျဉ်တစ်ချပ်ပေါ်မှာ ကိုယ်မြဲချင်တဲ့ အလုပ်ကို ရေးရတယ်။ ဥပမာ ဘယ်စက်ရုံ ဘယ်အလုပ်ရုံမှာ ဘာအလုပ် တည်တန့်ခိုင်မြဲပါစေလို့ ရေးရတယ်။ ပြီးရင် အဲဒီ ကျောက်ပျဉ်ပေါ်မှာ ဖယောင်းတိုင် မနက်တစ်တိုင် ညတစ်တိုင် မီးထွန်းပြီး ဘုရားမီးပူဇော်ပြီး လေးလေးနက်နက် ဆုတောင်းရတယ်။ ဒါဆိုရင် အလုပ်နေရာ လုံးဝ အပြောင်းအလဲ မဖြစ်တော့ဘဲ ။ တည်တန့်ခိုင်မြဲနေပါလိမ့်မယ်။




**“Enchanted Life to Immortal”**

**အပိုင်း(၂)**

"ကလင် ... ကလင် ..."

ကျောင်းဆင်းခေါင်းလောင်းထိုးသံ ထွက်ပေါ်လာလေသည်. အခန်းထဲတွင် သင်လက်စများကိုလည်း ဆရာဦးမောင်မြင့်မိုးမှ ရပ်လိုက်ပြီး နက်ဖြန်စာတွေကိုရှင်းပြမည်ဟုဆိုကာ အခန်းတွင်းမှ ထွက်သွားလေသည်။ ကျောင်းဆင်းချိန်ပြီးထုံးစံအတိုင်း ငါတို့တိုင်းပြည် တို့မြန်မာပြည် အစချီသော သီချင်းကိုဆိုပြီးနောက် ကျောင်းသားများသည်လည်း တစ်ယောက်ပြီးတစ်ယောက် ထွက်သွား ကြလေသည်။

"လင်းမို့ ... မပြန်သေးဘူးလား ...။ ငါကတော့ ကျူရှင်တက်ဖို့ရှိသေးတယ်..ကွ။ အဲဒါကြောင့် ငါအစောကြီးသွားရမယ်။ နက်ဖြန် ကျောင်းမှာဆုံကြတာပေ့ါ။ "

"အင်း ... ငါက အတန်းခေါင်းဆောင်လေကွ။ အခန်းထဲမှာ ကျန်ခဲ့တဲ့ပစ္စည်းတွေရှိမရှိ၊ တံခါးတွေပိတ်ရဦးမယ်လေ ... ဒီနေ့ ငါ့အဖေက အလုပ်ကိစ္စရှိလို့ လမ်းလျှောက်ပြန်ရမယ်လေ။"

ဟုပြောကာ ရုတ်တရက်ကြီး ညီုလရောင်အားပြေးဖက်လိုက်လေသည်။

"လင်းမို့ ဒီနေ့တစ်နေ့လုံး ငါ့ကို ဖက်ချည်းပဲဖက်နေပါလား .. ။ မင်းရည်းစားမို့လို့လား .."

"ရည်းစားမှ ဖက်ရမှာလား။ သူငယ်ချင်းအရင်းကြီးတွေပဲ ... ဖက်လို့မရဘူးလား ...။ မင်းခွင့်ပြုတယ်ဆိုရင် မင်းပါးတောင်နမ်းမလို့ ..."

"တော်ပြီ ... တော်ပြီ ... ပြန်တော့မယ်။"

ဟု အသားဖြူလှသော ညီုလရောင်မျက်နှာသည် ရှက်သွေးရောင်သမ်းလာပြီး အခန်းထဲက ထွက်သွားလေသည်။

လင်းမို့လည်း ညီုလရောင်ထွက်သွားသည်ကို မျက်စိတစ်ဆုံးကြည့်နေရင်း အောက်ထပ်ကိုရောက်သွားသောအခါ အပေါ်ထပ်ကနေ လှမ်းအော်လိုက်လေသည်။

"ညီလေးရောင်ကိုနမ်းချင်တယ်ဗျို့ ...."

လရောင်လည်း တစ်ချိုးတည်း A-4အဆောင်ရှေ့မှလမ်းအတိုင်း ပိတောက်ဝတ်ရုံအဆောင်အတွင်းရှိလမ်းအတိုင်း ထွက်ပြေးသွားလေတော့သည်။

"ဒီကောင်ဒီလိုကျတော့ လျင်လိုက်တာ ...ဟီဟိ"

လင်းမိုလည်းတစ်ယောက်တည်းရယ်ရင်း ခုံတွေကို ပစ္စည်းများကျန်ရစ်မှုရှိမရှိ စစ်သည်။ တံခါးများကိုလည်း ပိတ်လိုက်ပြီး ဆရာစားပွဲသို့သွားရောက်ရှင်းလင်းသောအခါ ကားသော့လေးတစ်ချောင်း ဆရာစားပွဲခုံအောက်တွင် တွေ့ရလေသည်။ လင်းမိုလည်း စဉ်းစားကြည့်လိုက်သောအခါ ဒီနေ့အခန်းထဲကို လာရောင်သင်ကြားသော ဆရာ/ဆရာမများတွင် ကိုယ်ပိုင်ကားဖြင့်လာသောဆရာမှာ ဆရာဦးမောင်မြင့်မိုးတစ်ယောက်ပင်ရှိလေသည်။

"ဆရာ ဦးမောင်မြင့်မိုးတော့ အခုအချိန်တော့ ခေါင်းမီးတောက်နေလောက်ပြီ"

ဟုတွေးကာ တံခါးမကြီးကိုပိတ်ပြီး ဆရာများနားနေဆောင်ကို ထွက်လာခဲ့သည်။ တံခါးပိတ်လိုက်သည့်အချိန်တွင် အပြင်ဘက်ပြတင်းပေါက်မှ အရိပ်မည်းတစ်ခု ဖြတ်သွားလိုက်သည်ကိုတော့ လင်းမို့ မမြင်တွေ့ပေ။ ကံကောဝတ်ရုံအဆောင်မှ ဆင်းလိုက်ပြီး ဆရာများနားနေရာအဆောင်ရှိရာသို့ထွက်သွားလိုက်သည်။ ကျောင်းအတွင်းတွင်လည်း ကျောင်းသားအနည်းငယ်လောက်သာ တွေ့ရတော့သည်။ ဆယ်တန်းဆရာများနားနေဆောင်သည် ကျောင်း၏ပင်မအဆောင်ကြီးဖြစ်သည့် သီရိမာလာဆောင်အပေါ်ထပ်တွင်တည်ရှိသည်။ သီရိမာလာအဆောင်မကြီး၏အောက်ထပ်သို့ရောက်သောအခါ A1, A2, A3, A4, အဆောင်များသည် မြူခိုးတွေကြား ဖုံးလွှမ်းနေသကဲ့သို့ ဖြစ်နေချေသည်။ လင်းမို့လည်း ညနေစောင်းမို့ မြူခိုးတွေဖုံးလွှမ်း တာဖြစ်မယ်လို့တွေးပြီး အပေါ်ထပ်ကိုတက်သွားပြီး အပေါ်ထပ်ရှိ ပြတင်းပေါက်မှ Aအဆောင်များကိုလှမ်းကြည့်လိုက်ရာ မည်သည့်မြူခိုးမှုကို မတွေ့ရဘဲ တံခါးများပိတ်ထားသော Aအဆောင်များကိုသာ တွေ့မြင်ရလေသည်။

"ဟေ့ မှိုင်းလေး ..."

အသံထက်စောသော ပုခုံးကိုပုတ်လိုက်သော လက်တစ်ခုကြောင့် လင်းမို့လည်းလန့်ပြီး ဝုန်းကနဲထခုန်လိုက်လေသည်။

"ဟာ .. ဆရာရယ် ... လန့်လိုက်တာ။ အသံပေးပြီး ပခုံးပုတ်ပါလား ဆရာရယ် ..။ ရုတ်တရက်ဆိုတော့ လန့်သွားတာပဲ ..."

ဆရာဦးမောင်မြင့်မိုးသည် ကားသော့ကိုရှာရင်းဖြင့် ခေါင်းမီးတောက်လျက်ရှိနေစဉ် လင်းမို့လည်း Aအဆောင်များကိုလှမ်းမြင်ရသော ပြတင်းပေါက်မှ Aအဆောင်များကို ကြည့်နေသော လင်းမို့ကိုမြင်သဖြင့် စိတ်ဝင်စားပြီး အနား သို့ ရောက်နေခြင်းဖြစ်သည်။ လင်းမို့လည်း ကိုယ့်အတွေးနဲ့ကိုယ်ကြောင့် အနားကိုရောက်နေသော အရာအားမမြင်နိုင်ခြင်းဖြစ်ပေသည်။ ဆရာက လင်းမို့မှိုင်းကို မှိုင်းလေးဟု ချစ်စနိုးခေါ်သည်မှာ ရှစ်တန်းကတည်းကဖြစ်ပေသည်။ ဦးမောင်မြင့်မိုးသည် လက်ရှိ ဆယ်တန်းတွင် မြန်မာစာသင်ကြားသူဖြစ်ပြီး ကိုးတန်းတွင် ဘောဂဗေဒဘာသာရပ်ကို သင်ကြားပြီး ရှစ်တန်းတွင် သမိုင်းပညာရပ်ကို သင်ကြားသူဖြစ်သည်။

"မှိုင်းလေး Aအဆောင်တွေကို အခုမှမြင်ဖူးတာမို့လို့လား.."

"အော် ... မဟုတ်ပါဘူးဆရာရယ် ... အောက်ထပ်တုန်းက Aအဆောင်တွေက မြူတွေ မီးခိုးတွေ ဖုံးနေတာကို မြင်ရပြီး အပေါ်ထပ်ရောက်တော့မှ ဘာမြူခိုး ဘာမီးခိုးတွေမှမတွေ့လို့ မျက်လုံးများ မှားနေလားဆိုပြီး ကိုယ့်ကိုယ်ကို လန့်နေတဲ့အချိန် ဆရာကလည်း ပခုံးလာပုတ်တော့ လန့်သွားတာပေါ့...."

"မင်းမျက်လုံးမှားတာတော့မဟုတ်ဘူး ...။ ဒါနဲ့ အပေါ်ကိုဘာလာလုပ်တာလဲ ..။ အိမ်မပြန်သေးဘူးလား.."

"မပြန်သေးတာမဟုတ်ဘူးဆရာရေ .... ဆရာ့စားပွဲအောက်မှာ ကားသော့တစ်ချောင်းကောက်ရလို့ ဆရာ့သော့များဖြစ်နေမလားဆိုပြီး လာပေးတာ ..."

စကားလည်းပြောလိုက်ရင်း ကားသော့ကိုထောင်ပြလိုက်လေသည်။ ဆရာဦးမောင်မြင့်မိုးလည်း ကားသော့ကိုကြည့်ပြီး အရမ်းပျော်သွားသောအမူအရာဖြင့်

"ဟုတ်တယ် ... ငါ့ကားသော့ဟေ့ ... ငါ့မှာ အဲဒီသော့ပျောက်လို့ ရှာလိုက်ရတာ ဖတ်ဖတ်မောပဲ ။ ငါဒီနေ့ စာကြည့်တိုက်ထဲကိုလည်းသွားတော့ စာကြည့်တိုက်တစ်ခုလုံးတောင်နှံ့သွားတယ်။ ကျေးဇူးကွာ ...။ ဒီနေ့ မင်းအဖေလာမကြိုဘူးလား ..."

"ဟုတ်တယ် ဆရာရေ ..။ ဒီနေ့အဖေတို့အစည်းအဝေးရှိလို့လေ"

စကားပြောလိုက်ရင်း သော့အားပေးလိုက်လေသည်။ ဆရာဦးအောင်မြင့်မိုးလည်း ကားသော့ကိုလှမ်းယူလိုက်ပြီး တစ်စုံတစ်ခုကို တွေးမိသောအမူအရာဖြင့် -

"မင်းကို ငါ့ကားသော့ကိုလာပေးတဲ့အတွက် စာအုပ်တစ်အုပ်ငှားလိုက်မယ် ..။ ငါ့ကားသော့လာမပေးလည်း အဲဒီစာအုပ်ကို ငှားမလို့ပါပဲ။ မင်းအိမ်ကိုလည်း ငါလမ်းကြုံတယ်။ ငါ့ကားနဲ့ပဲလိုက်ခဲ့ပေါ့"

"ဟုတ် ဆရာ ... ကျေးဇူးပါပဲ ..."

ဆရာလည်း စကားပြောပြီးသည်နှင့် ရုံးခန်းထဲကို ဝင်သွားလေသည်။ လင်းမို့လည်း ဆရာကိုစောင့်နေရင်းနဲ့ Aအဆောင်များကို ပြန်ကြည့်မိသည်။ Aအဆောင်များသည် ပြတင်းပေါက်များပိတ်ထားသော်လည်း လင်းမို့ကြည့်နေသည့်အချိန်တွင် Aအဆောင် များအကုန်လုံး အုန်းခနဲဖြင့် အကုန်ပွင့်သွားကြပြီး Aအဆောင်များအတွင်းတွင် မီးခိုးရောင်များ ပြည့်နှက်လျက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်တွင် ဆရာဦးအောင်မြင့်မိုးသည် ရုတ်တရက်ရောက်လာပြီး -

"မိုင်းလေး အခုနက အဆောင်မကြီးအနောက်က အသံတွေ ကြားလိုက်ရသလိုပဲ။ ကြားလိုက်တယ်မလား"

လင်းမို့လည်း Aအဆောင်များကိုညွှန်ပြလိုက်ပြီး

"ဆရာ Aအဆောင်က ပြတင်းပေါက်တွေနဲ့တံခါးတွေ အကုန်လုံး တစ်စုံတခုကြောင့် ဝုန်းခနဲပွင့်သွားကြတာ ..."

"ဟော့ ... မိုင်းလေး .. ဘာပြတင်းပေါက်မှ ပွင့်မနေပါလား ..."

ဟုတ်တော့ဟုတ်သည်။ ဆရာဦးမောင်မြင့်မိုးကို စကားလှမ်းပြောလိုက်သည့်အချိန်တွင် Aအဆောင်များကို သတိမထားမိ။ အခုတော့ Aအဆောင်များက အကုန်လုံး ပြတင်းပေါက်များပိတ်ထားလျက်ပင်ရှိနေသည်။ လင်းမို့လည်း ပါးစပ်အဟောင်း သားဖြင့် ဆရာ့ကိုလည်းကြည့် A-အဆောင်များကိုကြည့်ရင်း အံ့သြနေသည်။

ဆရာဦးအောင်မြင့်မိုးသည် အံ့သြသောအမူအရာမပြဘဲ ထိတ်လန့်ကြောက်ရွံ့နေသောပုံစံဖြင့် -

"လာ .. သွားရအောင်၊ ကားပေါ်ရောက်မှ စာအုပ်ပေးတော့မယ်.."

စကားလည်းပြောရင်း လင်းမို့လက်ကိုဆွဲကာ အောက်ထပ်ဝရန်တာအောက်တွင်ရှိနေသော probox ကားအဖြူလေးရှိရာသို့ ပြေးသွားလေသည်။ လင်းမို့လည်း လက်ပတ်နာရီကို ကြည့်လိုက်ရာ (၄:၄၄) ဖြစ်နေချေသည်။

ဆရာမောင်မြင့်မိုးလည်း ကားကိုစက်နှိုးပြီး ကျောင်းထွက်ပေါက်မှ ထွက်လာခဲ့လေသည်။ ကျောင်းကြီးသည် ဒါးပုံမြို့ ဒုတိယလမ်းမကြီးပေါ်တွင်တည်ရှိသည်။ လင်းမို့ရဲ့အိမ်သည် ဒါးပုံမြို့၏ တတိယလမ်းမကြီးနဲ့ ဒုတိယလမ်းမကြီးကို ဆက်ထားသော ဒေသံသရာလမ်းပေါ်တွင်တည်ရှိသည်။ လမ်းတွင်ရပ်လိုက်ပြီး သူ၏လက်ဆွဲအိတ်ထဲက အနက်ရောင်သားရေအဖုံးအုပ်ထားသည့် စာအုပ်တစ်အုပ်ထုတ်လိုက်လေသည်။ စာအုပ်ကို လင်းမို့ဆီသို့လှမ်းပေးလိုက်ပြီး -

"မိုင်းလေး ... ဒီစာအုပ်က တို့ကျောင်းကြီးရဲ့သမိုင်းကြောင်းနဲ့ပတ်သတ်တာတွေကို စုဆောင်းထားတဲ့ မင်းတို့ကျောင်းမှာသိခဲ့တဲ့ အ.ထ.က(၃) သမိုင်းကြောင်းထက် ပိုမိုတိကျတယ်။ ဒီစာအုပ်ထဲမှာရှိတာက အ.ထ.က(၃) စတည်ဆောက်ပြီး ပထမဆုံးကျောင်းအုပ်ကြီးအထိပဲ ပါဝင်ခဲ့တယ်။ ငါက အခုချိန်ထိ ပြန်ပြီး ပြုစုထားတာပေါ့။ မင်းအတွက် အသုံးဝင်လိမ့်မယ်။ အသုံးလည်းကျလည်းကျလိမ့်မယ်။ ငါဟာရှေးဟောင်းပရမိသွာအဖွဲ့ဝင်တစ်ယောက်ပဲ။ မင်းအဖေလည်း ပရမိသွာအဖွဲ့ဝင်ပါပဲ။ ဒီနေ့ မင်းကျောင်းမှာတွေ့ခဲ့ရတဲ့နိမိတ်တွေက ဒီကျောင်းကြီးနဲ့ပတ်သတ်နေတယ်။ မင်းဖြစ်ချင်တဲ့အရာနဲ့လည်း ဆက်စပ်မှုရှိနေတယ်။ မင်းစာအုပ်ကိုဖတ်ကြည့်ပါ။ မေးစရာရှိလာမယ်ဆိုရင်တော့ ဖြေပေးမဲ့သူပေါ်လာလိမ့်မယ်။ "

ဟုထူးဆန်းသော စကားလုံးများကို ပြောလိုက်လေသည်။ လင်းမို့၏စိတ်ထဲတွင် ဆရာပြောသောစကားများကိုနားလည်သလိုရှိနေပြီး မည်သည့်မေးခွန်းမှ ပြန်မမေးခဲ့။

"ဟုတ်ကဲ့ ဆရာ .. ကျေးဇူးတင်ပါတယ် .."

စကားလေးတစ်ခွန်းသာပြန်ပြောလိုက်လေသည်။ လင်းမို့လည်း ဆရာ့အားနှုတ်ဆက်ပြီး ဆရာ့ရဲ့ကားသော့ကို သေသေချာချာကြည့်လိုက်မိသည်။ ကားသော့တွင်ရှိနေသော လက်ကိုင်အနက်နေရာနှင့် သော့တံ၏ပုံသဏ္ဍာန်သည် လင်းမို့၏ မျက်လုံးထဲတွင် စွဲထင်သွားလေသည်။

"ဝုန်း"

တံခါးကိုပိတ်လိုက်ပြီး -

"အခုလိုလိုက်ပို့တဲ့အတွက် ဆရာ့ကိုကျေးဇူးတင်ပါတယ် ..."

"ရပါတယ် ... မင်းအမေလာရင် ငါလိုက်ပို့တယ်လို့ ပြောလိုက်ပါ။ စာအုပ်ထဲမှာ စာတစ်စောင်ပါတယ်။ အဲဒီစာကို မင်းအမေကိုပေးလိုက်ပါ။ ဆရာသွားပြီ။ မနက်ဖြန်စနေနေ့နော် ..။ ကျောင်းကိုမေ့ပြီးမလာမိစေနဲ့ဦး"

စကားလည်းပြော ရယ်လည်းရယ်ရင်း ကားကိုမောင်းထွက်သွားလေသည်။ ထို့ကြောင့် အိမ်ထဲတွင် အိမ်ဖော်အဖြစ်ခေါ်ထားသော ဒေါ်ထားထားကြီးကို ခေါ်လိုက်လေသည်။

"ဒေါ်ထားရေ ... သားပြန်လာပြီ တံခါးဖွင့်ပါဦး ..."

"ဟော့ .. မှိုင်းလေးရေ ..၊ လာပြီ လာပြီ"

အသံနှင့်အတူ တံခါးဖွင့်သံများကြားရပြီး ဝဝတုတ်တုတ်ဒေါ်ထားထားကြီးသည် ယပ်တောင်တစ်ချောင်းကိုထဘီတွင်ထိုးထည့်ထားသော ပုံစံဖြင့် ခြံတံခါးလာဖွင့်ပေးလိုက်လေသည်။

"ဒေါ်ထားက ယပ်တောင်ကို ဘာလို့ ထမီကြားထိုးထည့်ထားတာတုန်း ...."

"မှိုင်းလေးရဲ့ ဒေါ်ထား ထမင်းချက်နေတာ မီးအားနည်းတော့ စိတ်မရှည်လို့ မှိုင်းလေးနဲ့ မှိုင်းလေးအဖေပြန်လာရင် ထမင်းစားချိန် မမီမှာစိုးတာနဲ့ မီးမွှေးပြီး ထမင်းအိုးတည်နေတာလေ ..."

စကားလည်းပြော ခြံထဲကိုလည်းဝင်လိုက်လေသည်။

"မှိုင်းလေးလည်းရေချိုးဦး ... ဒေါ်ထား ထမင်းအိုးသွားကြည့်လိုက်ဦးမယ် ..."

ဒေါ်ထားခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီးဖြင့် ပြေးလွှားပုံကိုကြည့်ပြီး လင်းမို့တစ်ယောက် ပြုံးမိလေသည်။ အခန်းထဲကိုသွားပြီး ဆရာဦးမောင်မြင့်မိုး ပေးလိုက်သောစာအုပ်ကို စားပွဲပေါ်ကိုတင်လိုက်လေသည်။

ကျောင်းဝတ်စုံတွေကိုချွတ်လိုက်ပြီး ရေချိုးခန်းထဲကိုဝင်သွားလေသည်။

× × × × × × × × × × ×

"တီ တီ တီ တီ"

ဆိုင်ကယ်ဟွန်းတီးသံ အိမ်ရှေ့မှထွက်ပေါ်လာသည်။

နာရီကိုကြည့်လိုက်သောအခါ (၇)နာရီ(၂၈)မိနစ်ရှိနေသည်။ ထမင်းစားဖို့ အခန်းထဲမှာ ထွက်လိုက်သောအခါ ဒေါ်ထားသည် မီးဖိုချောင်မှထွက်လာပြီး -

"မှိုင်လေး ခဏ .. ဒေါ်ထားသွားဖွင့်လိုက်မယ်။ မှိုင်းလေးအမေပဲဖြစ်လိမ့်မယ်ထင်တယ်..."

ဟုဆိုကာ အိမ်တံခါးကို သွားဖွင့်ဖို့ အိမ်ရှေ့သို့ ထွက်သွားလေသည်။

အိမ်ရှေ့မှာ ဒေါ်ထားး၏ တံခါးဖွင့်သံကြားလိုက်ရပြီး ဒေါ်ထားဆီမှ -

"မှိုင်းလေးရေ မင်းသူငယ်ချင်း ညိုလရောင်ဟေ့ ... အဲ့ဒါလာတွေ့လိုက်ဦး ..."

လင်းမိုးသည် ညိုလရောင်ဆိုသော နာမည်ကိုကြားသောအခါ ဗီရိုမှမှန်ကိုကြည့်ကာ ဆံပင်ကိုသပ်လိုက်ပြီး ညိုလရောင်လက်ဆောင်ပေးထားတဲ့ အနွေးထည်လေးကို အပေါ်မှ ဝတ်ဆင်လိုက်ပြီး လျင်မြန်သောအရှိန်ဖြင့် အိမ်ရှေ့ကို ပြေးထွက်သွားလေသည်။

လင်းမိုးစိတ်ထဲမှာတော့တွေးနေသည်။

"ငါ့အိမ်ကို လရောင်မလာတာကြာပေါ့ ။ အိမ်အလည်လာဖို့ လာခဲ့မယ်ဆိုပြီး တစ်ခါမှ ပေါ်မလာတဲ့အကောင်က ဒီနေ့မှ ထူးထူးဆန်းဆန်း အိမ်ကိုလာလို့ ။"

တွေးနေရင်းနဲ့ပင် ညိုလရောင်ကိုကြည့်ပြီး ပြေးလွှားခြင်းမှ ရုတ်တရက်ရပ်သွားပြီး ညိုလရောင်ကို အကြာကြီးစိုက်ကြည့်မိသွားလေသည်။ ညိုလရောင်သည် သူ့ခန္ဓာကိုယ်အနံ့ကိုကြည့်လိုက်ပြီး -

"လင်း .. ကိုယ်ဘာဖြစ်နေလို့ အဲဒီလောက်ကြီး ကြည့်နေတာလဲ။ တစ်ခုခု ပုံစံမကျဖြစ်လာပြီထင်တယ်"

လင်းမိုးရင်ခုန်သွားသည်။ စကားအပြောအဆိုလည်း လင်းတို့ ကိုယ်တို့ဆိုတော့လေ။

"အော် .. ငါ့ရဲ့လရောင်က တော်တော်ချောနေလို့ အံ့သြသွားတာပေါ့"

စကားလည်းပြောရင်း ညိုလရောင်ထင်မှတ်မထားသည့် အပြုအမူတစ်ခုကိုလင်းမိုးလုပ်လိုက်လေသည်။ အဲဒါကတော့ လင်းမိုးသည် စကားလည်းပြောရင်း စကားလည်းအဆုံးစကားကိုနားထောင်နေသော လရောင်၏မျက်နှာအား ရွှတ်ခနဲ နမ်းလိုက်ချင်းပင်ဖြစ်သည်။

"လင်း မင်းဒီနေ့ ဘယ်လိုတွေဖြစ်နေတာလဲ .။ ငါ့ကိုများ မိန်းကလေးများမှတ်နေလား .."

"လရောင်ကလည်းကွာ .. နမ်းတာက မိန်းကလေး၊ ယောကျ်ားလေးခွဲခြားလို့ရလို့လား။ မင်းဒီနေ့ ငါ့အိမ်ကိုလာတာ ငါ့အနမ်းခံချင်လို့လာတာ မဟုတ်ဘူးလား"

"ဟုတ်တယ်ကွာ ... အနမ်းခံချင်လို့လာတာ ဘာဖြစ်ချင်လဲကွာ..."

"ဒါဆိုလည်း ထပ်နမ်းမယ်ကွာ ... ကျေကျေနပ်နပ်ကြီးအနမ်းခံပါကွာ ...."

ညိုလရောင်စိတ်ထဲမှာ တကယ်ပဲ လင်းမိုးရဲ့အနမ်းခံချင်လို့ ရောက်လာတာဖြစ်သည်။ ထို့ကြောင့် ကျူရှင်ဆင်းသည်နှင့် ဆိုင်ကယ်ယူပြီး လင်းမိုးရဲ့အိမ်ကိုလာခြင်းဖြစ်သည်။ ညနေကျောင်းဆင်းကတည်းက လရောင်၏စိတ်သည် လင်းမိုးအကြောင်းပဲတွေးနေမိသည်။ ငယ်စဉ်ကျောင်းသားဘဝကတည်းက သံယောဇဉ်ကြီးသည်။ တဖြည်းဖြည်းအချစ်စိတ်ကို ကူးပြောင်းလာသည်။ ထို့ကြောင့် နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် နားလည်နေကြပြီး တစ်ယောက်အကြောင်း တစ်ယောက်လည်း ကိစ္စအလုံးစုံကို ပြောပြထားသည်။ ရင်ထဲက ရှိနေသည့်အချစ်များသည် ဒီနေ့မှ မွေးဖွားလာခြင်းမဟုတ်ဘဲ ငယ်စဉ်ကတည်းက မွေးဖွားလာခြင်းဖြစ်ပြီး ဒီနေ့စတင်ကြီးပြင်းလာလေသည်။

"ရွှတ်"

ဒီတစ်ခါနမ်းလိုက်သည့်နေရာက ပါးပြင်မဟုတ် လရောင်ရဲ့ ပန်းရောင်နှုတ်ခမ်းသားလေးကို နမ်းလိုက်ခြင်းဖြစ်သည်။

"ဟာကွာ ... ဒါကြီးကတော့ များသွားပြီကွာ...."

ဟု ရှက်ရမ်းရမ်းပြီး ဆိုင်ကယ်လီဗာနှိုးပြီး မောင်းထုတ်ဖို့လုပ်နေတော့သည်။

"ဟေ့ လရောင်၊ ဒီလိုပြန်လို့မရဘူးလေ .. လရောင်ဒီကိုလာတာ ဘာအကြောင်းလဲ ..."

ရှက်ကိုးရှက်ကန်းမျက်နှာဖြင့် ညိုလရောင်သည် -

"အော် … ဒီနေ့ လင်းနဲ့ ဆိုင်ကယ်စီးချင်လို့၊ အားတယ်မဟုတ်လား ..။ ဘာရယ်မှမဟုတ်ပါဘူး…"

လင်းမို့၏စိတ်ထဲတွင် အရမ်းပျော်သွားပြီး -

"ငါဘာလို့ ဆိုင်ကယ်မစီးချင်ရမှာလဲ၊ ဒီနေ့လရောင်နဲ့ဆိုင်ကယ်စီးလိုက်ရင် ငါတော်တော်ပျော်သွားမှာပါ လရောင်ရယ် …။ ငါလေ စကားတွေ အများကြီးပြောချင်တယ်။ ဒါပေမယ့် အခုမပြောသေးဘူး။ ငါသေသေချာချာစဉ်းစားနေတာ…"

လရောင်၏မျက်နှာကို သေသေချာချာကြည့်ပြီး ရင်ထဲကလာသောစကားများကို ပြောလိုက်လေသည်။ ပြောပြီးသည့်နောက် အိမ်ထဲကို လှမ်းအော်လိုက်လေသည်။

"ဒေါ်ထားရေ ကျွန်တော်လရောင်နဲ့ ဆိုင်ကယ်ပတ်စီးမလို့၊ အဲဒါ တံခါးလာပိတ်လိုက်ဦး။ အဖေလာရင်လည်း လရောင်နဲ့ ဆိုင်ကယ်ပတ်စီးနေတယ်လို့ ပြောလိုက်ပါဦး …"

"အေးအေး .. ဒေါ်ထားပြောလိုက်မယ် ။ သိပ်နောက်မကျစေနဲ့နော် … သားအဖေစိတ်ပူနေဦးမယ်…"

"ဟုတ်ကဲ့ ဒေါ်ထား"

ဒေါ်ထားကို စကားပြောလိုက်ပြီး ညိုလရောင်ဘက်သို့လှည့်လိုက်သောအခါ ညိုလရောင်က -

"မင်းကိုယ်ဘယ်သူက ဆိုင်ကယ်ပတ်စီးမယ်လို့ပြောလို့လဲ"

"အမယ် … ဒီလိုကြေးလား ..။ ရတယ်လေ၊ စီးဘူးကွာ.."

ဟု စိတ်ဆိုးသည့် အမူအရာမျိုးလုပ်လိုက်သောအခါ ညိုလရောင်က ဆိုင်ကယ်ဦးထုပ်လှမ်းပေးလိုက်ရင်း -

"အော် … ချစ်လို့စတာ စိတ်ဆိုးရဘူးလေ ..၊ စိတ်ဆိုးနဲ့နော် .. ဆိုင်ကယ်ပေါ်တက်"

"လရောင် မင်းငါ့ကိုချစ်တယ်လို့ပြောတာနော်…."

"လင်းမို့ တော်ပြီကွာ .. စကားအထာကောက်နေတယ် … ဆိုင်ကယ်ပေါ်တက်တော့"

လင်းမို့လည်း တဟားဟားရယ်ရင်း ဆိုင်ကယ်ပေါ်တက်လိုက်လေသည်။ လရောင်၏ခန္ဓာကိုယ်ကို အတင်းအကျပ်ဖက်လိုက်လေသည်။ ဒေါ်ထားလည်း တံခါးပိတ်နေပြီး -

"ကလေးတွေ ဆိုင်ကယ်ကို သတိထားပြီးစီးကြဦးနော်…"

"ဟုတ်ကဲ့ ဒေါ်ထား …"

လင်းမို့နဲ့ညိုလရောင် စကားသံပြိုင်ထွက်သွားလေသည်။ ထို့နောက်ဆိုင်ကယ်ကို မြို့အနှံ့လျှောက်မောင်းကြလေတော့သည်။ ဆိုင်ကယ်မောင်းတာ နှစ်နာရီလောက်ကြာသွားသည်။ တစ်လမ်းလုံးသည် နှစ်ယောက်သားငယ်စဉ်က ဖြစ်ပျက်ခဲ့တဲ့ ငယ်ကျိုးငယ်နာများကို စကားပြောရင်း ဆိုင်ကယ်ပေါ်တွင် တဟားဟားနှင့် ရယ်နေကြလေသည်။ လမ်းတစ်လျှောက်လုံးရှိ လူများကလည်း လင်းမို့နဲ့ညိုလရောင်တို့ဆိုင်ကယ်အား အထူးတဆန်းဖြင့် လှည့်ကြည့်သွားကြသူများသာပင်။ လင်းမို့ကတော့ ဆိုင်ကယ်စမောင်းကတည်းက ခါးကိုဖက်ထားခြင်းအား မလွှတ်..။ လရောင်၏စိတ်ထဲတွင်လည်း လက်ကိုမလွှတ်ထားပါနဲ့ တင်းကျပ်နေအောင်ဖက်ထားပါစေ … ဟုဆုတောင်းနေပါသည်။.

သူတို့၏စိတ်ထဲတွင် တစ်ယောက်ကိုတစ်ယောက် ထူးထူးခြားခြား အကြင်နာပိုနေသည်ကတော့ မေးစရာမလိုပင်။ နှစ်နာရီလောက်ကြာသွားသောအခါ ညိုလရောင်လင်းမို့ အိမ်ကိုပြန်လာပို့သည်။ အပြန်တော့ လက်ပြနှုတ်ဆက်ရုံသက်သက်။ အဘယ့်ကြောင့်ဆိုသော် လင်းမို့၏အဖေက ခြံထဲတွင် ဒေါ်ထားနှင့်စကားပြောနေသောကြောင့်ဖြစ်သည်။

လင်းမို့လည်း ဒေါ်ထားနှင့်အဖေ့ကိုနှုတ်ဆက်ပြီး အခန်းထဲကိုဝင်လာခဲ့သည် ...။

"ဟဲ့ မှိုင်းလေး၊ ထမင်းမစားတော့ဘူးလား .. မင်းအဖေကတော့ စားနှင့်ပြီ"

"ဟုတ် ဒေါ်ထား မဆာသေးလို့ ... ဆာရင်စားလိုက်ပါ့မယ်..."

လင်းမို့တစ်ယောက်လည်း အပျော်လွန်ပြီး ထမင်းမစားနိုင်ဖြစ်နေသည်.။ ထို့ကြောင့် စာကြည့်စားပွဲပေါ်ထိုင်ကာ ကျောင်းကပေးလိုက်သော သင်ခန်းစာကိုရေး၊ ဖတ်ရင်းနဲ့ အိမ်တံခါးပိတ်သံကြားတော့မှ နာရီကြည့်လိုက်တော့ (၁၁)နာရီ(၂၈)မိနစ်ဖြစ်နေသည်။ လင်းမို့၏အဖေဖြစ်သူ ဦးနိုင်မြတ်သူသည် အခန်းကိုတံခါးခေါက်ပြီး

"သားရေ ... စောစောစီးစီးအိပ်ဦးနော် .။ နက်ဖြန်စနေနေ့ပဲ ..။ ကျောင်းပိတ်တာပဲ ။ သားကကျူရှင်မတက်ချင်ဘူးဆိုလို့ ကျူရှင်မထားတော့ သားအတွက် အားပါတယ်။ လုပ်စရာရှိတာလုပ်ပြီးအိပ်တော့နော်။ အဖေကတော့ နက်ဖြန်အလုပ်ရှိသေးလို့ အိပ်တော့မယ်။ Good Night သားရေ ..."

"ဟုတ် အဖေ .. Good Night"

လင်းမို့လည်း ဖတ်စရာရေးစရာက ပြီးသလောက်ရှိပြီမို့ အိပ်ဖို့အခန်းမီးကို ပိတ်ဖို့လုပ်ချိန်မှာ စားပွဲပေါ်တွင်တင်ထားသော ဆရာဦးမောင်မြင့်မိုး ပေးလိုက်သော အနက်ရောင်သားရေဖုံးထားသည့် စာအုပ်ကိုမြင်လိုက်သည်။ လင်းမို့လည်း အိပ်ယာပေါ်စာအုပ်ကို ကိုင်၍တက်သွားပြီး စာအုပ်ကို ကုတင်အနောက် ကုတင်ဦးကိုမှီရင်း ဖွင့်လိုက်လေသည်။

အပိုင်း(၃)ကိုဆက်လက်ဖတ်ရှုပါရန်

မိုးကြယ်စင်

# ဒဏ္ဍာရီထဲကအိုစတာရာပွဲတော်အကြောင်းတစေ့တစောင်း

အိုစတာရာပွဲတော်သည် နေမှအီကွေတာအားဖြတ်သန်းချိန်ဖြစ်သော မတ်လ(၂၁)ရက်အချိန်တွင် ကျင်းပပြုလုပ်သည့်နွေဦးပွဲတော်များအနက်မှ တစ်ခုဖြစ်သည်။ ဗန်နာရေဘယ်လ်ကျမ်းစာတွင်တော့ အိုစတာရာ(Ostara)ဆိုသောစကားလုံးသည် ဂျာမန်နွေဦးနတ်ဘုရားမ Eostre ၏အမည်ကို အစွဲပြု၍ ပေါ်ပေါက်လာသည်ဟုလည်းဆိုကြပြန်သည်။ ထို့ပြင် အိုစတာရာပွဲတော်သည် ခရစ်ယာန်တို့၏ အီစတာပွဲတော်(ခရစ်တော်ထမြောက်ခြင်းပွဲတော်) နှင့် ဂျူးဘာသာတို့ရှိပွဲတော် စသည့်ပွဲတော်များမှ ကာလကြာရှည်လာသောအခါ အိုစတာရာပွဲတော်ဟူသော ပွဲတော်အသစ်တစ်ခု ဖြစ်တည်လာသည်ဟု ဆိုကြသည်။ ဂျာမန်နိုင်ငံ၏ရှေးကျသော ဗာဟီရဝါဒ(Pagan)တွင် မတ်လအချိန်သည် ရာသီအသစ်အတွက် ကောက်သစ်စိုက်ပျိုးပွဲတော်တစ်ခုဖြစ်ခဲ့သည်။ ယေဘုယျအားဖြင့် Celtic အယူသမားများသည် အိုစတာရာပွဲတော်ကို ရုံးပိတ်ရက်အနေနှင့် ထွေထွေထူးထူးသတ်မှတ်ကျင်းပမနေကြဘဲ ရာသီပြောင်းချိန်တွင် ပြုလုပ်သော ပွဲတော်တစ်ခုအဖြစ်သာသတ်မှတ်ခဲ့ကြသည်။ ပါရှားမင်းဆက်ခေတ်ရောက်လာသောအခါ နေအီကွေတာသို့ဖြတ်သန်းချိန်ဖြစ်သည့်ထိုရက်ကို ရာသီတစ်ခုမှ တစ်ခုသို့ကူးပြောင်းသောနေ့သစ် (No Ruz ပွဲတော်)ဟုသတ်မှတ်ခဲ့ကြသည်။ No Ruz ပွဲတော်ကို ပါရှားနိုင်ငံအများစု ကျင်းပခဲ့ကြပြီး "မျှော်လင့်ချက်များအသစ်တစ်ဖန်ပြန်လည်ရှင်သန်မွေးဖွားလာသောနေ့"ဟူ၍ သတ်မှတ်ကြသည်။

အီရန်နိုင်ငံတွင်တော့ ထိုပွဲတော်ကို Chahar-Shanbeh Suri ဟုခေါ်ဆိုကြပြီး ထိုခေါ်ဆိုမှုကို No Ruz ပွဲတော်များမပေါ်ပေါက်သေးခင်အထိ အသုံးပြုကြသည်။ ထိုပွဲတော်တွင် တိုင်းသူပြည်သားအများသည် သူတို့၏နေအိမ်များအားသန့်စင်ခြင်းကိုပြုလုပ်ကြရင်း ၁၃ရက်ကြာအထိ ကျင်းပသည့် No Ruz ပွဲတော်ကိုဆင်နွှဲကျော်ဖြတ်ကြသည်။

နွေဦးရာသီ နေမွန်းတည့်ချိန်သည် မျိုးစေ့သွင်းစိုက်ပျိုးရန်အတွက် အကောင်းဆုံးအချိန်ပင်ဖြစ်ပြီး သဘာဝတရားကို ပွဲတော်နှင့် ပေါင်းစပ် ပြုလုပ်ကြခြင်းပင်ဖြစ်သည်။ အလယ်ပိုင်းခေတ်ဥရောပသားများကတော့ မတ်လကို အဓိကမျိုးစေ့ကြဲ၊ ဝတ်မှုန်ကူးရန်အကောင်းဆုံးကာလအဖြစ် သတ်မှတ်ကြသည်။ မတ်လသည် နေ့တာရှည်သောကြောင့် ရှည်လျားသောနေ့တာတစ်လျှောက် မိတ်ပေါင်းဆွေသဟာတို့ နွေးထွေးစွာ ဆက်ဆံမှုပြုကြလိမ့်မည်။

ရောမနတ်ဘုရားရာဇဝင်တွင် မိသရာ့(Mithras) ဟုခေါ်သော နတ်ဘုရားတစ်ပါးရှိသည်။ ထိုနတ်ဘုရားကိုလည်း ဆောင်းအကုန် နွေးအရည် ပျော်လု နွေဦးရာသီအချိန်တွင်မွေးဖွားခဲ့ပြီး သူ့အားယုံကြည်ကိုးကွယ်သူတို့ကို သေလွန်ပြီးနောက်တွင် အလင်းရောင်များတဖိတ်ဖိတ်တောက်လျက်ရှိသည့် ဘုံတစ်ခုသို့ပို့ဆောင်ပေးသည်။ ဒဏ္ဍာရီတစ်ခုတွင်မူ မိသရာ့သည် ရောမတပ်မတော်၏ နာမည်ကျော်ကြားသော အဖွဲ့ဝင်တစ်ဦးဖြစ်ကာ နေမင်းကြီးကို ကျွဲဖြူတစ်ကောင်အားယဇ်ပူဇော်ရန် အမိန့်ပေးခံခဲ့ရသော်လည်း သူပြတ်ပြတ်သားသားပင်ငြင်းပယ်ခဲ့သည်။ သို့သော်လည်း မိသရာ့၏ဓားမှာမူ ရုတ်တရက် သတ္တဝါ၏ ရင်အစုံသို့ထိုးဖောက်ပြီးလျှင် ထိုသတ္တဝါသည် လစန္ဒာအဖြစ်ပြောင်းလဲသွားခဲ့ကာ မိသရာ့၏ဝတ်ရုံမှာ သန်းခေါင်ယံကောင်းကင်ယံဖြစ်သွားခဲ့ကာ သတ္တဝါကြီး၏သွေးများသည် မြေသို့ခကာပန်းများကိုပွင့်စေခဲ့သည်။ ထိုသတ္တဝါကြီး၏အမြီးမှာလည်း မျိုးစေ့များပြွတ်နေသော စပါးနိုင်ကဲ့သို့ဖြစ်သွားလေတော့သည်။

အကယ်၍သင့်တွင် စိုက်ပျိုးခြံလေးရှိပါက မတ်လအချိန်သည် မျိုးစေ့များကြဲရန်အတွက်အကောင်းဆုံးအချိန်ပင်ဖြစ်သည်။ နွေဦးရာသီတွင် အပင်စိုက်ရန်အတွက် သင့်မြေဆီလွှာကို ကြိုတင်ပြင်ဆင်ထားသင့်နေချေပြီ။ မျိုးစေ့များကြဲရန်အတွက်ပွဲတော်လုပ်ရန် နေရောင်ခြည်ဝင်လုထွက်လု အချိန်လေးကိုစောင့်မျှော်နေပေးပါ။ မတ်လ(၂၁)ရက်နေ့၏ မျိုးစေ့ကြဲပွဲတော်သည် နီးကပ်နေချေပြီမဟုတ်ပါလော။

ခေတ်သစ်ဗာဟီရဝါဒီ (Pagan) သမားများသည် အိုစတာရာပွဲတော်ကို ပြန်လည်မွေးဖွားရှင်သန်အထမြောက်ခြင်းပွဲတော်အဖြစ် သတ်မှတ်ကြသည်။ အချို့အချိန်များတွင် သင့်အနီးရှိ သဘာဝ၏ လန်းဆန်းပျိုမျစ်လှသော အသစ်အသစ်များကို ပန်းခြံတွင်းလမ်းလျှောက်ခြင်း၊ မြက်ခင်းစိမ်းကဖွဲလာပေါ်တွင်လဲလျောင်းခြင်း၊ တောင်တက်ခြင်းဖြင့် ရှုစားနိုင်သည်။ သင်လုပ်နိုင်လျှင်တော့ သင့်အနီးတစ်ဝိုက်တွင်ရှိသော ပန်းပင်လေးများ၊ ပန်းပွင့်များ၊ အင်းဆက်လေးများ၊ ငှက်လေးများစသော လန်းဆန်းပျိုမျစ်မှုလေးများကိုခံစားနိုင်ချေမည်။ တပေါင်းသာခေါင် လများနောင်ဟုဆိုသည့်အတိုင်း မတ်လတွင်ရှိသော တပေါင်းလ၏ ပျိုမျစ်မှုများတွင် ရသေ့များပင်စျာန်ယိုင်ကြကြောင်း ဗုဒ္ဓဘာသာ၏စာပေများတွင်လည်းဖွင့်ဆိုထားသည်ကိုတွေ့ကြရသည်။ ရာသီအကူးအပြောင်း၊ နှစ်တစ်နှစ်၏ သံသရာစက်ဝန်းကြီးပြောင်းလဲချိန်တွင်ဖြစ်ပေါ်သည့်လှုပ်ရှားမှုတိုင်းကို ရှုစားကို စိတ်အာရုံစုစည်းမှုလုပ်ဆောင်နိုင်ကြပေသည်။

-အိုစတာရာပွဲတော်အတွက်ယဇ်ပလ္လင်(Alter)တစ်ခုတည်ဆောက်ခြင်း



ယခုအိုစတာရာပွဲတော်သည် မော်ဆရာများ၊ လောကီပညာရှင်များ နွေဦးရာသီကို ကြိုဆိုသည့်ပွဲတော်များကိုပြုလုပ်ဆင်နွှဲကြချိန်ဖြစ်သည်။ ထိုအချိန်သည် ဘ၀သစ်နှင့်ပြန်လည်မွေးဖွားခြင်းတို့၏အချိန်ဖြစ်ကာ ရုပ်ပိုင်းဆိုင်ရာသာအသစ်အဖြစ်ပြောင်းလဲသည်မဟုတ်ဘဲ စိတ်စွမ်းအင်များ၊ အတွင်းဓာတ်များ၊ ကိုယ်ရောင်ကိုယ်ဝါများသည်လည်း အသစ်တစ်ဖန်ပြန်လည်ပြောင်းလဲ နုပျိုလာချိန်လည်းဖြစ်သည်။ အချို့နည်း (သို့မဟုတ်) ယခုဖော်ပြမည့်အရာအားလုံးကို သင့်အရာအားလုံးနုနယ်ပျိုမျစ်သွားစေဖို့ စမ်းသပ်ကြည့်နိုင်ကြပါသည်။ အောက်ပါ ပုံစံတစ်မျိုးမဟုတ်တစ်မျိုး (သို့မဟုတ်) အားလုံးကို မိမိအိမ်တွင်ထားခြင်းအားဖြင့် မိမိတို့ အိမ်၊ အိမ်သားများ၏ ရုပ်ကောနာမ်ပါသန့်စင်ခြင်းမျိုးကိုလုပ်ဆောင်နိုင်ပါကြောင်းဖော်ပြလိုက်ရပါသည်။ ယဇ်ပလ္လင်ဆိုသည်မှာ သာမန် ၂ပေပတ်လည်အရွယ်ရှိ စားပွဲအလွတ်လေးများကိုဆိုလိုသည်။

ပုံစံ(၁) - သင့်ပြတင်းပေါက်အပြင်ဘက်ကိုငေးကြည့်လိုက်စမ်းပါ။ သင့်အိမ်ရှေ့ခြံဝန်းထဲမှာ ပြန့်ကျဲနေတဲ့ ရွက်ဝါလေးတွေ၊ ထွက်သစ်စခရမ်းဖျော့ရောင် ရွက်သစ်လေးတွေ၊ အရည်ပျော်စနှင်းလေးတွေထဲကနေ ထိုးထိုးထောင်ထောင်ထွက်လာနေတဲ့ သစ်ရွက်စိမ်းလေးတွေ ဒီအရောင်လေးတွေက နွေဦးကိုကောင်းစွာကိုယ်စားပြုနေသောအရောင်လေးတွေပါ။ နမူနာအားဖြင့်ဆိုရလျှင်တော့ သင်၏ယဇ်ပလ္လင်ကို အိမ်ရဲ့အလယ်တည့်တည့်နေရာမှာထားကာ အစိမ်းဖျော့ရောင်ပိတ်စပါးလေးနဲ့ဖြန့်ခင်းကာ ခရမ်းရောင်နဲ့ အပြာရောင်လိုက်ကာစလေးနဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာကာရံထားပါ။ အဝါရောင် (သို့မဟုတ်) ပန်းရောင်ဖယောင်းတိုင်လေးများကိုလည်း ယဇ်ပုလ္လင်ပေါ်တင်ထားပေးပါ။

ပုံစံ(၂) - ယဇ်ပလ္လင်ပုံစံသွင်ပြင်သည် ပွဲတော်၏ပုံစံ ရာသီဉတုပုံစံနှင့်ပနံရနေရမည်။ အိုစတာရာပွဲတော်ချိန်သည် နေ့တာနှင့်ညတာတူညီနေချိန်ဖြစ်၍ နတ်ဘုရားတစ်ပါးပါး၏ရုပ်တု၊ အဖြူရောင်နှင့်အနက်ရောင်ဖယောင်းတိုင်တို့ကိုတင်ထားကာ နေလသင်္ကေတ၊ သို့မဟုတ် ယင်နှင့်ယန်သင်္ကေတတို့ကို တင်ထားပါ။

ပုံစံ(၃)- အိုစတာရာသည် ဘ၀သစ်တို့ကြီးထွားရင့်သန်ချိန်ဖြစ်သည့်အလျောက် ကြာပန်းကဲ့သို့သော ဒဏ္ဍာရီဆန်သည်ဟုထင်နေသည့် နွေဦးသစ်ပင်ပန်းမန်လေးများကိုတင်ပါ။ ဉကလေးများတွင်ရောင်စုံယုန်ရုပ်လေးများဆွဲ၍ (အီစတာအရုပ်လေးများလုပ်၍)ခြင်းတစ်ခုထဲထည့်ထားကာ ထိုခြင်းလေးကို ယဇ်ပုလ္လင်လေးပေါ်မှာတင်ထားပါ။ နွားနို့ သို့မဟုတ်ပျားရည်ခွက်လေးကိုလည်း တင်ထားပါ။ နွားနို့သည် မွေးဖွားခြင်း၊ သန္ဓေအသစ်ကို ထောက်ပံ့ခြင်းကိုကိုယ်စားပြု၍ ပျားရည်သည် မသိုးနိုင်သည့်အတွက် အသက်ရှည်ခြင်းကိုကိုယ်စားပြုပေသည်။

-အိုစတာရာ၊ အီစတာပွဲတော်နှင့်ရောင်စုံဥလေးများ



ယဉ်ကျေးမှုပေါင်းများစွာတွင် ဥကို ဘဝသစ်၏သင်္ကေတအဖြစ်သတ်မှတ်ကြသည်ကိုတွေ့ရသည်။ ဥပမာပြောရလျှင်ဖြင့် မျိုးဥပေါက်ခြင်းနှင့်ပြန်လည်မွေးဖွားခြင်းသံသရာကို ဥများကဖော်ဆောင်နေသည်။

ဥရောပမှအစောပိုင်း အီစတာဥလေးများတွင် ဗာဟီရဝါဒ(Pagan)၏ ပုံရိပ်များ များစွာပါဝင်နေပေသည်။ မည်သို့ပင်ဆိုစေကာမူ ဥရောမပတွင် Eostreဟုခေါ်သောနတ်ဘုရားမအမည်ကိုမှည့်ခေါ်ကာ အိုစတာရာ ဟူ၍လည်းကောင်း အီစတာဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြကာ ပွဲတော်များလည်းမတူကြပေ။ ဗန်နာရေဗယ်ကျမ်းစာတွင်တော့ Eostreနတ်ဘုရားမသည် ယုန်များနှင့်ဥများနှင့်ဆက်စပ်ကာ မျိုးစေ့ပွားခြင်းကိုလုပ်ဆောင်ပေးသည်။ ဂရင်းညီနောင်ဇာတ်လမ်းများကိုရေးသားသူ စာရေးဆရာ Jacob Grimm မှာတော့ ထိုဥများသည်အစောပိုင်း ဥရောပဗာဟီရဝါဒသင်္ကေတများဟုလည်းဆိုထားပြန်ပေသည်။

**ကာရှိုင်း (ကြယ်စင်ချစ်သူ)**

---

# ချစ်သူတို့အတွက်အချစ်ဗေဒင်

နည်းကတော့လွယ်လွယ်လေးပါ ...သင်ရယ်သင့်ရဲ့ချစ်သူတို့ရဲ့ မွေးနေ့သက္ကရာဇ်အားလုံးကိုပေါင်းကြည့် နောက်ဆုံးရလာတဲ့ကိန်းတစ်လုံးက အဖြေပေါ့... ကဲ အစမ်းလေးလုပ်ကြည့်ရအောင် သင်က 13.1.1991 သင့်ချစ်သူက 4.4.1990 ဆိုပါစို့ 13+1+1991+4+4+1990=4181 4+1+8+1=14 > 1+4=5 အဖြေက5ပေါ့ရှင်းပြီနော်...ကဲ....တွက်ကြည့်ကြနော်..

(1) ရတဲ့သူကတော့ သင်ဟာသူ့ကိုအသက်ပေးနိုင်လောက်အောင်ကိုချစ်ပေမယ့် သူ့အတွက်ကတော့ ရည်းစားဟောင်းကပစ်သွားလို့ အသဲကွဲပြီး ခဏတာလာနားတဲ့ bus ကားမှတ်တိုင်လို ဖြစ်နေတာပါ သင်နဲ့အတူနေတဲ့အချိန်မှာသူဟာပျော်ရွှင်နေရပေမယ့် အဲဒီပျော်ရွှင်ခြင်းက ဟိုမရောက်ဒီမရောက်နဲ့ဖြစ်နေတတ်တယ် ဘာဖြစ်လို့လဲဆိုတော့ ပွေရှုပ်တတ်တဲ့သူ့အကျင့်က သင့်ထက်သာမယ့်သူကို အမြဲတမ်းရှာဖွေနေလို့ပဲဖြစ်တယ် ဒါကြောင့် သူ့ရဲ့နောက်ဆုံးအချစ်ဖြစ်ဖို့အခွင့်အလမ်းဟာ မျောက်တစ်ကောင်သစ်ပင်ပေါ်ကပြုတ်ကျတာနဲ့အတူတူလိုဖြစ်နေတာပါ ... နောင် bus ကားအသစ်ဟာ သူ့ဆီဆိုက်ကပ်လာခဲ့ရင် သူတစ်ခါတည်းပြေးတက်သွားဖို့ဝန်လေးမှာမဟုတ်သလို သင့်ကိုဘယ်လိုဖြစ်ပြီးကျန်ခဲ့မှာလဲဆိုပြီး ခေါင်းပြန်စောင်းငဲ့ဖို့တောင်အချိန်ရှိမှာမဟုတ်ဘူး ...

(2) ရတဲ့သူကတော့ သင်နဲ့သူဟာချစ်တော့ချစ်ကြပါတယ် ဒါပေမယ့် မုန်းတီးမှုနဲ့ပေါက်ဖွားလာတဲ့ချစ်ခြင်းဖြစ်တယ် တူတူနေခဲ့ရင်လည်း လက်ဝှေ့ပွဲကိုကြည့်နေရသလို နေ့စဉ်ထသတ်မှာအမှန်ပါပဲ အကျင့်တွေကလည်း တစ်ယောက်နဲ့တစ်ယောက်မတူကြပါဘူး တစ်ယောက်ပြင်းလာရင် ကျန်တဲ့တစ်ယောက်ကလည်း အလျှော့ပေးမှာမဟုတ်ဘူး ဒါတောင်မှသင်တို့မှာ သုံးပွင့်ဆိုင်မရှိသေးဘူးနော်...တစ်နေ့ကျရင် သူက ခဏဝေးဝေးလောက်နေကြည့်ကြရအောင်လို့ပြောလာခဲ့ရင် သင်သူ့ကိုနားလည်ပေးလိုက်ပါ သူကသင့်ကိုမချစ်တာမဟုတ်ပါဘူး တစ်ယောက်ကိုတစ်ယောက်နားလည်နိုင်တဲ့အချိန်တစ်ခုလောက်တော့ ထားပေးလိုက်ကြပေါ့နော့....

(3) ရတဲ့သူက Yahoo! နောက်ဆုံးတော့လည်းသင်က အစစ်အမှန်ကိုတွေ့တာပဲလေ သင်တို့နှစ်ယောက်ရဲ့တွေ့ဆုံခြင်းဟာ ရေစက်လို့ခေါ်လို့ရတယ် ဘာပဲဖြစ်ဖြစ် တူညီနေတာပဲ အကျင့် အကြိုက် ညစ်ပတ်ခြင်း ပေါခြင်း အရူးထခြင်း တွေပေါ့ ဒါကြောင့်သူ့ကိုတွေ့တဲ့အချိန်ဆို ကိုယ့်ကိုယ်ကိုမှန်ကြည့်နေရသလိုပဲ သင်တို့အချစ်ဟာဘာအရသာမှမရှိပေမယ့် ခိုင်မြဲမှုရှိတာတော့အမှန်ပဲလေ ကြည့်လိုက်တာနဲ့နှလုံးသားထိမြင်ရတယ်ဆိုတာပေါ့ အဲ့ တစ်ခုတော့ရှိတယ် သင်သတိထားရမှာက ကိုယ့်စိတ်ကိုယ်ပဲ သင့်အတွက်သူဟာ ငြီးငွေ့စရာကောင်းနေတယ် ဒါကြောင့်သင်ဟာ ဒီထက်ပိုကောင်းတဲ့အချစ်တွေကိုရှာဖွေနေတယ် နောက်ဆုံးတော့လည်း ဘယ်လူမှ သင့်ရဲ့အခုအရသာမရှိတဲ့ပေါ့ရွှတ်ရွှတ်လူထက်ပိုပြီး ကောင်းမှာမဟုတ်ဘူးဆိုတာသင်သိလိမ့်မယ် ...မသိနိုင်ဘူးလေ အဲဒီအချိန်ရောက်ခဲ့ရင် ...နောင်းချင်လည်းနောင်းသွားမှာပေါ့

(4) ရတဲ့သူက သင်နဲ့သူ့ရဲ့အချစ်ဟာ စေးကပ်ကပ်ကြီးလိုဖြစ်နေတယ် ဘယ်လိုခွာခွာ ခွာလို့မရတဲ့ပုံစံ ဘဝကိုဘယ်လိုဖြတ်သန်းရမှန်းမသိတဲ့ပုံစံနဲ့တူနေတယ် သူလည်းသင့်အကျင့်တွေဟာသူနဲ့ပေါင်းစပ်လို့ရမလားဆိုတာကိုမသေချာသေးဘူးဖြစ်နေတယ် သင်ကလည်း အိမ်ထွန်ရှင်ပီသစွာနဲ့ သူ့ကိုချစ်တယ်လို့ဖွင့်ပြောဖို့မရဲဘူးဖြစ်နေတယ် ဒါကြောင့်ဟိုဖက်ကိုလည်းမသွား ဒီဖက်ကိုလည်းမရောက်ဖြစ်နေတာပေါ့ အကောင်းဆုံးကတော့သင်တို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ပြဿနာကိုတူတူဖြေရှင်းကြတာကအကောင်းဆုံးပဲလေ မဟုတ်ရင်တော့ သင်တို့ထဲက တစ်ယောက်မဟုတ်တစ်ယောက်ဟာအသစ်တွေ့ပြီး သင်တို့ရဲ့ဇါတ်လမ်းလေးက ဇါတ်သိမ်းသွားလိမ့်မယ်နော်...

(5) ရတဲ့သူက သင်နဲ့သူ့ရဲ့အချစ်က သွေးရဲရဲသံရဲရဲအချစ်ပေါ့ ဘာဂိုဏ်း ညာဂိုဏ်းတွေ မာဖီးယားဂိုဏ်းတွေလိုက်ရင်း အသက်လုပြီး ဖြစ်ပေါ်လာတဲ့အချစ်စစ် သင်တို့အချစ်လမ်းကြောင်းမှာဘယ်လောက်ပဲအန္တရာယ်ရှိပေမယ့် သင်တို့ဟာ တစ်ယောက်နဲ့တစ်ယောက်ကိုနားလည်ပြီး နှလုံးသားအစစ်အမှန်နဲ့ချစ်တာဖြစ်တယ် သင်တို့နှစ်ယောက်ဟာ ခဏချိန်မှာချစ်သူအဆင့်တွေမဟုတ်တော့ပါဘူး နှစ်လွှာပေါင်းမှတစ်ရွက်ဆိုပြီး ဖြစ်နေကြပါပြီ

အသက်ပေးပြီးချစ်ကြတဲ့သူတွေအဆင့်ရောက်နေကြပါပြီ သင်ဟာသူ့ရဲ့နောက်ဆုံးအချစ်မဟုတ်ဘူးလို့ မယုံမသင်္ကာမဖြစ်ပါနဲ့ ဘာလို့လဲဆိုတော့ သူဟာယုံကြည်နေပါပြီ သင်ဟာ ဘုရားကပေးလာတဲ့ ဖူးစာရှင်အစစ်လို့ ...

(6) ရတဲ့သူက ခုချိန်တွေမှာ ဘာစားစား သကြားထည့်ဖို့တောင်မလိုတော့ပါဘူး ဘာလို့လဲဆိုတော့ သင်တို့အချစ်ရဲ့ချိုမြိန်ခြင်းက သကြားရဲ့အချိုဓါတ်ကိုတောင်ဝါးမြိုသွားလို့ဖြစ်တယ် ဒါပေမယ့်လည်း ဒီပျော်ရွှင်မှုဟာ မပြည့်စုံသေးဘူးလို့သင်ခံစားရမယ် ရေမြောင်းပုပ်မှာ လရိပ်ကို မြင်ရသလိုပေါ့... သင်ဟာ သင့်ချစ်သူနဲ့ ဒီလိုအမှတ်တရအချိန်လေးတွေကိုဘယ်လောက်ကြာကြာခံစားရဦးမှာလဲဆိုတာမသေချာသေးဘူး သို့ပေမယ့်လည်းသင်ဟာခုချိန်မှာအရမ်းပျော်နေတယ်လို့တော့ ပြောနိုင်တယ်လေ အကယ်လို့သူ့ပြသနာတစ်ခုခုရှိပြီး သင့်ကိုမသိစေချင်ရင်လည်း သင်က ဘာမှမသိသလိုနေမှာအသေအချာပဲ ... သင်ဟာသူ့ရဲ့နောက်ဆုံးအချစ်ဖြစ်ပြီလားလို့မေးရရင်တော့ သင့်ရဲ့အစွမ်းအစပေါ်မှာမူတည်ပါတယ် ပြီးတော့ သူ့ရဲ့ခိုင်မာမှုနဲ့လည်းဆိုင်တယ်လေ သူ့ရဲ့ပြသနာကိုဖြေရှင်းနိုင်ရဲ့လားဆိုတာ....

(7) ရတဲ့သူက ဒီတစ်ယောက်က သင့်ကိုအမြင်ရှင်းသွားအောင်လုပ်ပေးနိုင်စွမ်းရှိတယ် အနိမ့်စားလူတစ်ယောက်ကဘယ်လိုလဲဆိုတာပေါ့ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသူနဲ့အတူပါလာတာက တစ်ကိုယ်ကောင်းဆန်စိတ် ကိုယ့်ကိုယ်ကိုအထင်ကြီးမှု အများကြီး အများကြီးပေါ့ သင့်ကိုတစ်ခုခုကူညီလိုက်ရင် ကျေးဇူးအတင်ခံချင်တာကအရင် ပေါ့ ကျေးဇူးမမေ့နဲ့ ကျေးဇူးမမေ့နဲ့ ဆိုတာသူ့ပါးစပ်ကပြောလာတဲ့စကားတွေပေါ့ ပွေလည်းပွေတယ် ကပ်စေးလည်းနဲတယ် ဆိုးသောအရသာမျိုးစုံနဲ့ပြည့်နေတဲ့သူပေါ့ သင့်နဲ့ရည်းစားလာဖြစ်တာကလည်း အထွေအထူးမဟုတ်ပါဘူး Super Casanova ဆိုတဲ့ဂုဏ်ထူးကြီးကြောင့်ပဲဖြစ်တယ် သင်ဟာ ရုပ်မရှိရင် အဲဒီတစ်ယောက်ကသင့်ကိုမျက်စောင်းလေးတောင်ထိုးကြည့်မှာမဟုတ်ဘူး ပြီးတော့ သင်မသိသေးတဲ့ သူ့ရဲ့အတွဲပေါင်းများစွာကိုလည်း ဂိုဒေါင်ကြီးထဲထည့်ထားရတဲ့အထိ ဒါကြောင့် သူ့ရဲ့နောက်ဆုံးအချစ်ဖြစ်ခွင့်ကတော့ လုံးဝမမျှော်လင့်နေပါနဲ့တော့နော် ...

(8) ရတဲ့သူက သူ့ရဲ့နောက်ဆုံးအချစ်ဖြစ်ဖို့အခွင့်အရေးဟာ 50% - 50% ပါပဲ သင်တို့အချစ်ဟာကြာပြီး အားလုံးနေရာကျနေပြီလေ တစ်ယောက်အကြောင်းကိုတစ်ယောက်သိနေပြီလေ ဒါကြောင့်တူတူနေတဲ့အချိန်ဆို စိတ်ချမ်းသာရတယ် အဲဒီစိတ်ချမ်းသာတာက ချိုတာတွေ romantic တာတွေမရှိတဲ့ခံစားချက် သဝန်တိုခြင်း လိုချင်တပ်မက်မှုတွေမရှိတဲ့အချစ်ဖြစ်နေပါတယ် ဒါကြောင့်သင်တို့အချစ်က သကြားပြတ်သွားတဲ့အချစ်နဲ့တူတယ်လေ သင်တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက်သိကြမှာပါ တစ်ယောက်အပေါ်တစ်ယောက်ဘယ်လောက် နားလည်နိုင်စွမ်းရှိတယ်ဆိုတာ သူ့အပြင် သင့်အပေါ်မှာနောက်ထပ်နားလည်နိုင်မယ့်သူလည်းရှာလို့တွေ့တော့မှာမဟုတ်တော့ဘူးလေ...

(9) ရတဲ့သူက ... အားရိုးရိုး သင်တို့အချစ်ကို နှိုင်းရရင်တော့ နံနက်နေထွက်ချိန်နဲ့ ညနေ နေဝင်ချိန် ... ကောင်းကင်နဲ့မြေကြီး ... သူချမ်းသာနဲ့ သူဆင်းရဲ ...နတ်ပန်းနဲ့ ငရဲပန်း ... စတာတွေပေါ့ ဒါကြောင့်သင်တို့အချစ်ကို သင်တို့ကိုယ်တိုင်တောင်နားမလည်နိုင်ပဲဖြစ်နေရတယ် နောက်ထပ် ဘာထူးဆန်းစရာတွေ ထပ်လာဦးမလဲဆိုပြီးတော့ သင်တို့နှစ်ယောက်ရဲ့ အချစ်အကြောင်းဟာ ဟာသတစ်ပုဒ်လိုပဲဖြစ်နေတယ် သင်တို့နှစ်ဦးကလည်းသိနေတယ်လေ ကြာရှည်လက်တွဲလို့မရဘူးဆိုတာပေါ့ ခဏတစ်ဖြုတ်လေးလက်တွဲတာကလည်း ကိုယ့်ဘဝမှာ ရယ်စရာအမှတ်တရအဖြစ်ထားခဲ့ချင်လို့ပဲဖြစ်တယ်... သင်တို့နှစ်ဦးဟာ အလွန်ခြားနားလွန်းလို့ တူတူသွားလို့မရဘူးဆိုပြီးတော့ပေါ့ သင်တို့နှစ်ဦးလမ်းခွဲသွားခဲ့ရင်လည်း သူငယ်ချင်းကောင်းတွေဆက်ဖြစ်ဦးမှာပါ...

# မတ်လအတွင်းဝယ်ယူစရာပစ္စည်းများ

| ပစ္စည်းပုံ | အမျိုးအမည် | အသေးစိတ်အချက်အလက် |
|---|---|---|
|  | Runes Box<br>(ပါဝင်ပစ္စည်း - Runeကျောက်တုံးများ၊ လမ်းညွှန်စာအုပ်) | စာအုပ်သည် အမေရိကန်မှ ဖြစ်တာကြောင့် အင်္ဂလိပ်လို ဖြစ်ပါသည်။ လိုချင်သူများ 09422495812 ကို ဖုန်းဆက်ပြီး မှာယူနိုင်ပါသည်။ တန်ဖိုးကတော့ 26500 ပဲ ဖြစ်ပါတယ်။ ပစ္စည်းကတော့ အနည်းငယ်လောက်သာ ရှိသည့်အတွက် ဦးရာလူစနစ်ဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်..။ |
|  | မှော်နင်တံများ | တစ်ချောင်းလျှင် ၂၀၀၀၀ ကျပ်ကျသင့်မည်ဖြစ်ပြီး ဝယ်ယူသူနှင့်ကိုက်ညီသော တုတ်ဒီဇိုင်းကို K-Magick Shop မှ ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။<br>ဝယ်ယူလိုပါက 09 422495812 သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ |
|  | မှော်စာအုပ်များ | အရှေ့တိုင်း၊ အနောက်တိုင်းမှ စာအုပ်များကို ဈေးနှုန်းအမျိုးမျိုးဖြင့် အော်ဒါမှာယူနိုင်ပါပြီ။<br>ပြည်တွင်းစာအုပ်သာမက နိုင်ငံတကာစာအုပ်များကိုပါ စာအုပ်အမည်နှင့် ရေးသူအမည် သိသည်နှင့် ဖုန်းတစ်ချက်ဆက် ဝယ်ယူနိုင်ပါပြီ။ 09 422495812 သို့ဝယ်ယူလိုပါက ဆက်သွယ်နိုင်ပါသည်။ |

# အတိတ်ဘဝသိမြင်တတ်စေခြင်း (Past Life Regression)

အတိတ်ဘဝကိုသိမြင်နိုင်တတ်စေခြင်း (past life regression) ဆိုသည်မှာ မိမိ၏အတိတ်ဘဝကို ပြန်လည်သတိရစေနိုင်သောပညာရပ်တစ်ခုပင်ဖြစ်သည်။ ဗုဒ္ဓဘာသာအပါအဝင် အရှေ့တိုင်းရှိ ကိုးကွယ်ရာ ဘာသာတရားအချို့တွင် သက်ရှိသည် သံသရာဟုခေါ်ဆိုသောစက်ဝန်းထဲတွင်ကျင်လည်လျက်ရှိကြ၍ သက်ရှိတိုင်းတွင် အတိတ်ဘဝပေါင်းများစွာဖြတ်သန်းလာခဲ့ကြရကြောင်း ဖော်ပြထားပေသည်။ ရှေးကျသော အိန္ဒိယစာပေကျမ်းဂန်များတွင်တော့ အတိတ်ဘဝကိုသိမြင်နိုင်တတ်စေခြင်း ကိုပညာရပ်တစ်ခုအနေဖြင့်ဖော်ပြထားသည်ကိုလည်းတွေ့ရပေသည်။ ရှေးတရုတ်ဒဏ္ဍာရီတွင် ခွင့်လွှတ်မှုနတ်သမီးဟု နာမည်ကျော်ကြားလှသော တရုတ်နတ်သမီး မန်ပို သည် ဝိညာဉ်များကို သူတို့၏အတိတ်ဘဝအား သတိမရနိုင်ရန် ဝိညာဉ်တို့၏မှတ်ညာဉ်များကိုချုပ်ကိုင်ထားကြောင်း ပါရှိပြန်သည်။

ပြင်သစ်ပညာရှင် Allan Kardec ဆိုသူသည်လည်း အတိတ်ဘဝကိုသိမြင်နိုင်ခြင်းအား လေ့လာသုတေသနပြုခဲ့ပြီး The Spirit Book နှင့် Heaven and Hell ဆုသောစာအုပ်များကို (၁၉)ရာစုနှစ်ခန့်က ရေးသားထုတ်ဝေခဲ့ပြန်သည်။ Past Life Regression ပညာရပ်သည် ၁၉၅၀ပြည့်နှစ်များက စိတ်ပညာရှင်များ၊ ရုပ်နာမ်လောကလေ့လာသူများနှင့် စိတ်ရောဂါဆရာဝန်များမှ အထူးလေ့လာခဲ့ကြရာမှ ထိုပညာရပ်သည် မျက်မှောက်ခေတ်အထိလူသိများလာခဲ့သည်။ Past Life Regression ပညာရပ်သည် အရှေ့တိုင်းမှဖြစ်သော်ငြားလည်း အနောက်တိုင်းတွင် ရေပန်းစားလျက်ရှိပြီး Hypnosis နဲ့ suggestion ကိုအသုံးပြုကာ အတိတ်ပုံရိပ်များကိုပြန်လည်ပုံဖော်နိုင်ခဲ့ကြသည်။ ပညာရပ်ကိုလေ့လာတတ်မြောက်ကြလိုသူများအတွက် အခြေခံအကျဆုံးအပိုင်းနှင့်ကျင့်စဉ်မှာအောက်ပါအတိုင်းဖြစ်ပြီး စာဖတ်သူများလည်း လေ့ကျင့်နိုင်ကြပါသည်။

- စိတ်ရှုပ်ထွေးမှုမရှိနိုင်အောင် ဆိတ်ငြိမ်၍အေးချမ်းသောနေရာတစ်ခုကိုရှာပါ။ ထိုနေရာသည် မိမိကိုမည်သူမှ လာရောင်မနှောင့်ယှက်နိုင်သောနေရာလည်းဖြစ်ရပေမည်။
- ထိုနေရာသည် အပူအအေးသဟမျှတနေရမည်ဖြစ်ပြီး မီးအလင်းရောင်မှာလည်း မှိန်ပျပျသာထွန်းထားရမည်။
- သင်ဝတ်ဆင်ထားသော အဝတ်အစားများ၊ ဖိနပ်များ၊ မျက်မှန်များကို ခန္ဓာကိုယ်စိတ်အနှောင့်အယှက်မဖြစ်စေရန်ချွတ်ထားပြီးလျှင် ပေါ့ပါးသက်သာစွာ လဲလျောင်းချလိုက်ပါ။
- လှဲချရာတွင်လည်းသင့်ကိုသက်တောင့်သက်သာရှိစေမည့်နေရာမျိုးကိုသာရွေးချယ်ပါ။ သင်လှဲချလိုက်မိသောနေရာသည် သက်တောင့်သက်သာမရှိပါက သက်တောင့်သက်သာရှိစေနိုင်သော နေရာတစ်ခုကိုပြန်လည်ရှာယူပါ။
- သင့်စိတ်ကိုငြိမ်သက်စွာထားပါ။ ဘာအတွေးမှမတွေးမိပါစေနှင့်။
- သင့်ခန္ဓာကိုယ်ကိုအနားယူပါ။ စိတ်ထဲမှာ ဘာပင်ပမ်းမှုမှမရှိနေစေပါနှင့်။
- သင့်ရဲ့မျက်နှာ၊ သင့်ရဲ့မေးရိုးတွေ မျက်နှာတစ်ခုလုံးမှာရှိတဲ့ အကြောအချဉ်တွေကစအနားယူနေပြီ။ သင့်ကိုယ်သင်လည်း တစ်ကိုယ်လုံးရဲ့အကြောတွေပျော့ပြောင်းစွာအနားယူနေပေးနေရမှာပါ။ အကြောတွေကိုတင်းမထားပါနဲ့။
- သင့်ရဲ့ပုခုံးတွေ သင့်လည်တိုင်လေးကအကြောတွေလည်း ပြေလျော့ကုန်ပါပြီ။
- သင့်လက်မောင်းများ၊ သင့်လက်ချောင်းများကလည်း ငြိမ်သက်စွာလဲလျောင်းနေရင်း သက်တောင့်သက်သာနိုင်လှသော ငြိမ်းချမ်းမှုကို ခံစားနေရပါပြီ။
- သင့်ရဲ့ရင်ထဲ၊ နှလုံးသားထဲမှာလည်း မွန်းကြပ်မှုတွေမရှိတော့ပါဘူး။
- သင့်ရဲ့ ခြေထောက်တွေ၊ ခြေချောင်းလေးတွေကစ အကြောတွေပြေလျော့နေပြီး အနားယူဖို့အတွက် အသင့်ရှိနေကြပါပြီ။

- အသက်ကိုဖြည်းဖြည်းနဲ့မှန်မှန်ရှူရင်း ကိုယ့်အသက်ရှူမှုကို ကိုယ်တိုင် ဝင်လေ၊ ထွက်လေ အာရုံပြုပေးပါ။
- ဝင်လေထွက်လေကို ဖြည်းညှင်းစွာကနေ နက်ရှိုင်းစွာ ခံစားကြည့်လိုက်ပါ။ နှာခေါင်းတွင်းမွေးညင်းလေးတွေကို ဝင်လေ၊ ထွက်လေတို့က ဘယ်လိုပွတ်သပ်သွားတာလဲ ။ နှာသီးဖျားလေးကိုကော ဘယ်လိုထိခတ်သွားတာလဲ။
- ဝင်လေထွက်လေရှူတာသက်တောင့်သက်သာရှိရဲ့လား။ မရှိသေးရင်ရှိအောင်ကြိုးစားပါ။ သက်တောင့်သက်သာရှိနေပြီဆိုရင်တော့ အဲ့ဒီ သက်တောင့်သက်သာရှိမှုလေးကို ထိန်းထားပေးပါ။
- နှာခေါင်းနဲ့ရှူရတာသက်တောင့်သက်သာဖြစ်ပြီးလို့ရှိရင် ပါးစပ်နဲ့ဖြည်းဖြည်းချင်း သက်တောင့်သက်သာရှိသည့်အထိအသက်ရှူပါ။ အသက်ကို နှာခေါင်းမှကော ပါးစပ်မှပါရှူပေးပါ။
- သင့်ရဲ့အနီးအနားမှာမှော်နာရီတစ်လုံးရှိနေတယ်လို့အာရုံပြုထားပေးပါ။ အဲ့ဒီနာရီဟာ သင့်အာရုံထဲမှာ နေ့ရက်ကောအချိန်ပါထင်ထင်ရှားရှားပေါ်နေပါစေ။
- ဒါဟာသင့်နာရီပဲဖြစ်ပြီး လက်တံလေးတွေက တဖြည်းဖြည်းချင်း နောက်ပြန်လှည့်သွားနေတယ်လို့ စိတ်ကူးထဲမှာပုံဖော်ထားပါ။
- လက်တံလေးတွေ နောက်ပြန်လှည့်တာများလာလေ လက်တံလှည့်တာပိုမြန်လာလေပါပဲ။
- သင့်ကိုယ်သင် စိတ်ပိုင်းဆိုင်ရာကော ရုပ်ပိုင်းဆိုင်ရာပါအနားယူပြီးဖြစ်တဲ့အတွက် သင့်ရဲ့မှော်နာရီဘယ်အချိန်ရောက်နေပြီလဲဆိုတာ သင်စောင့်ကြည့်နေပါ။

- ရုတ်တရက် သင့်ရဲ့စိတ်ဝိဉာဉ်က သင်လုပ်နေတဲ့အရာအားလုံးကို ရပ်ပစ်ချင်သလိုသင်ခံစားလာရပါလိမ့်မယ်။ စိတ်ထဲမှာလည်း နာရီကစအကုန်ရပ်တန့်သွားပြီလို့ မြင်ကောင်းမြင်နေနိုင်ပါလိမ့်မယ်။
- နာရီကပြန်နေးစပြုလာပြီ။ နေးရင်းနေးရင်းနဲ့ မရပ်တန့်ခင်အချိန်ထိပေါ့။
- သင့်စိတ်ထဲကပတ်ဝန်းကျင်ကိုလေ့လာကြည့်ပါ။ နေ့အချိန်လား . ညအချိန်လားဆိုတာ။
- သင့်ရဲ့ပတ်ပတ်လည်မှာကော သင်ဘာတွေမြင်ရပါသလဲ။
- သင်ကိုယ်တိုင်ကကော ဘာဝတ်ထားလဲဆိုတာ ကိုယ့်ကိုယ်ကိုပြန်ငုံ့ကြည့်ပါ။
- သင်ဟာယောကျ်ားလေးလား၊ မိန်းကလေးလား၊ အသက်အရွယ်ကောကြီးနေပြီလား ။
- သင့်နာမည်ကော ဘယ်လိုခေါ်ပါသလဲ။
- သင်ဝင်ရောက်ခဲ့တဲ့အချိန်ကာလက ဘယ်ခေတ်မှာလဲဆိုတာကိုကော သင်အာရုံခံစားမိပါသလား။
- သင်လုပ်စရာရှိတဲ့အလုပ်ကိုဆက်လုပ်ကာ အချို့အရာများနှင့်ရင်းနှီးအောင်ကြိုးစားကြည့်ပါ။
- အဲ့ဒီနေရာမှာ လက်ရှိကောဘာတွေဖြစ်နေပါသလဲ။ ဖြစ်ပွားနေတဲ့အခြေအနေကိုကော သင်ခံစားမိရဲ့လား။

- သင်ဒီနေရာကိုရောက်လာခဲ့တဲ့အတွေ့အကြုံကို မှတ်မိအောင် အာရုံထဲကို ထပ်ခါတလဲလဲဖြည့်တင်းပါ။

- သင့်ရဲ့မော်နာရီဆီသွားပါ ဒါမှမဟုတ် မော်နာရီမှတစ်ဆင့်အခြားအချိန်သို့ပြောင်းလဲပါ။
- သင်ကိုယ်တိုင်က ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကိုပြန်သွားနိုင်အောင်လုပ်ပါ။ နောက်ပြီး ဘဝနှစ်ခုအကြား သင့်ဝိဉာဉ်ဘယ်လိုခံစားနေရမလဲ။-
- သင် ပစ္စုပ္ပန်ကာလကိုပြန်ရောက်သွားတဲ့အချိန်မှာ သင်ဘာတွေကြုံတွေ့ခဲ့ရသလဲဆိုတာ မှတ်စုစာအုပ်တစ်ခုထဲမှာ ချရေးဖို့မမေ့ပါနဲ့။ ဘယ်နှခုနှစ်၊ ဘယ်အချိန်မှာ ငါက ဘယ်လိုခံစားပြီးဘာဖြစ်နေတာ်ဆိုတာ စသဖြင့် အတိအကျရေးပါ။ မှတ်စုစာရွက်ရဲ့ထိပ်ဆုံးမှာ ရက်စွဲတပ်ပါ။ သင်ရောက်ရှိသွားခဲ့တဲ့အချိန်ကိုထည့်ရေးဖို့မမေ့ပါနဲ့။

- အခုဖော်ပြခဲ့တဲ့နည်းလမ်းက အတိတ်ကိုသွားနိုင်တဲ့နည်းလမ်းဖြစ်ပြီး ဒီနည်းလမ်းကိုအခြေခံပြီး သင် အနာဂတ်ကိုသွားနိုင်ပါသေးတယ်။ ဒါဆိုရင် သင်ဟာ အချိန်တွေကို ထိန်းချုပ်ဖြတ်ကျော်နိုင်စွမ်းရှိသူဖြစ်သွားပါပြီ။ ဒီနေရာမှာတစ်ခုမှာကြားချင်တာကတော့ ကိုယ့်ရဲ့ ဝိဉာဉ်ကို ကိုယ်ပြန်လေးလေးစားစားရှိဖို့ပါပဲ။ အရာရာတိုင်းကိုပေါ့ပျက်ပျက်မလုပ်ပါနဲ့။

**မိုးကြယ်စင်**